# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၉၆)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ ၂၂-၆-၂၀၂၆၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့် အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

## ဆီသယ်ယာဉ်များအား သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှု ရှိ၊ မရှိ စောင့်ကြည့်အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၁

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအနေဖြင့် ဆီသယ်ယာဉ် (ဘောက်ဆာ)များတွင် GPS များ တပ်ဆင်ထားရှိစေပြီး သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်သွားလာမှု ရှိ၊ မရှိနှင့် စက်သုံးဆီများအား မသက်ဆိုင်သည့် နေရာများသို့ ရောက်ရှိမှုမရှိစေရေး Online Monitoring Center မှ တိုက်ရိုက်စောင့်ကြည့် စစ်ဆေးလျက်ရှိသည်။

ထိုသို့စောင့်ကြည့်စစ်စစ်ခဲ့ရာ ဆီသယ်ယာဉ် အမှတ် 5P/8614၊ နောက်တွဲအမှတ် 1TLR-9177 သည် ရန်ကုန်မြို့(သီလဝါ)မှ ကရင်ပြည်နယ် ဘားအံမြို့သို့ စက်သုံးဆီ ပို့ဆောင်ရန်ဖြစ်သော်လည်း ကျိုက်ထိုမြို့

စာမျက်နှာ ၃ သို့ ✳



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ဆီသယ်ယာဉ်များ သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးစဉ်။

## ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ် ကျေးရွာအချို့ရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းနေရာများအား သိမ်းပိုက်ရရှိ

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်စေရန် အဓိကဖြစ်သည့်နယ်မြေတည်ငြိမ်အေးချမ်း၍ ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တပ်မတော်က စွမ်းစွမ်းတမံ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်နှင့် အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များသာမက ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် ပြည်သူလူထုဘဝများ လုံခြုံအေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်း လုံခြုံရေးတာဝန်များ ဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များသည် ဇွန် ၂၀ ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်စဉ် ရေနံချောင်းမြို့၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ လွန်းပင်ရှိကျေးရွာ၏ ကျေးရွာ စာကြည့်တိုက်အတွင်း၌ အကြမ်းဖက် သောင်းကျန်းသူများ၏ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် မော်တော်ဆိုင်ကယ် တစ်စီး၊ စားဆီ ငါးဂါလန် ငါးပုံး၊

စာမျက်နှာ ၅ သို့ ●




လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းများအား သိမ်းပိုက်ရရှိမှု နေရာပြမြေပုံ။

## ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ကျင်းပမည့် နွေရာသီ အပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များ တွေ့ဆုံပွဲ(၂၀၂၆)သို့ မြန်မာကျောင်းသားလူငယ်အဖွဲ့ ပါဝင်တက်ရောက်မည်

နေပြည်တော် ဇွန် ၂၁

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့အခြေစိုက် အာရှ-ပစိဖိတ်ဒေသ ကလေးများဆိုင်ရာ ကွန်ဗင်းရှင်းက ဦးစီး၍ နှစ်စဉ်ဇူလိုင်လ၌ ကျင်းပမည့် နွေရာသီအပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များ တွေ့ဆုံစခန်းချပွဲ(BRIDGE Summer Camp – 2026)သို့ Junior Ambassadors များအဖြစ် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ရန် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း(MJA)က ဦးစီးပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား မတ်လမှစ၍ ရွေးချယ်ဖွဲ့စည်း လေ့ကျင့်ပေးခဲ့သည်။

စာမျက်နှာ ၃ သို့ ◌

## ယနေ့ မိုးလေဝသ (၂၂-၆-၂၀၂၆)

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ




**World drug problem: persisting issues, new challenges, innovative responses**

**စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။**

## ၂၁ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ် ၅၇ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်

( ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၁ ရက် )

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းဇော်မြင့်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်မှူးကြီး ရန်ကြီးအောင် အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး မိတ္ထီလာမြို့နယ် ဥပဒေရုံးအား စံပြရှေ့ပြေး ဥပဒေရုံးသစ်တိုးချဲ့ဖော်ဆောင်မှု သွားရောက်ကြည့်ရှုစစ်ဆေး

မန္တလေး ဇွန် ၂၁

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဇွန် ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဥပဒေရုံးအား စံပြရှေ့ပြေး ဥပဒေရုံးသစ်တိုးချဲ့ဖော်ဆောင်မှုအခြေအနေနှင့် စံပြရှေ့ပြေးဥပဒေရုံးများဖြစ်သည့် ပြင်ဦးလွင်ခရိုင် ဥပဒေရုံးနှင့် ချမ်းအေးသာစံမြို့နယ်ဥပဒေရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှေ့ပြေးဥပဒေရုံး(Pilot Law Office) များ ဖွင့်လှစ်ခြင်းဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်သောအခါ မှတ်ပုံတင်ရေးသွင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာ ပေးပို့ခြင်းတို့ကို Manual စနစ်မှ Digitization စနစ်သို့ ကူးပြောင်းနိုင်ရန်၊ အမှုလိုက်ဥပဒေအရာရှိနှင့် တာဝန်ခံဥပဒေအရာရှိများအကြား နည်းပညာအသုံးပြုကာ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်၊ ရှေ့ပြေးဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း (Pre-Trial Interview, PTI) များကို ဆောင်ရွက်နိုင်ရန် စံနမူနာပြုစမ်းသပ်ခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး စံပြရှေ့ပြေးဥပဒေရုံး (Pilot Law Office)အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည့် မြို့နယ်ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



✳ ရှေ့ဖုံးမှ


အနီးတွင် ရပ်တန့်နေကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရသဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီသို့ သတင်းချပြစုံစမ်းစေခဲ့ရာ အဆိုပါဆီသယ်ယာဉ်အား မရမ်းချောင်လုံခြုံရေးဂိတ်တွင် ဖမ်းမိခဲ့ပြီး စက်သုံးဆီများကို သက်ဆိုင်ရာနေရာသို့ ပို့ဆောင်ခြင်းမပြုဘဲ တရားမဝင်လွှဲပြောင်း ရောင်းချခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကျိုက်ထိုမြို့မရဲစခန်းတွင် (ပ)၁၇၃/၂၀၂၆ "အရေးကြီး ကုန်စည်များဆိုင်ရာ ဥပဒေပုဒ်မ ၅" ဖြင့် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အတူ ဆီသယ်ယာဉ်အမှတ်၊ 9D-8840၊ နောက်တွဲယာဉ်အမှတ် TLR-9550 သည် ရန်ကုန်မြို့(သီလဝါ)မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ စက်သုံးဆီပို့ဆောင်ရန် ဖြစ်သော်လည်း ကျိုက်ထိုမြို့နှင့် ဘီးလင်းမြို့အကြား အလိုတော်ပြည့်ဘုရားအနီးတွင် ရောက်ရှိရပ်တန့်ထားသည်ကို သံသယဖြစ်ဖွယ် စစ်ဆေးတွေ့ရှိရသဖြင့် သတင်းချပြ၍ အဆိုပါဆီသယ်ယာဉ်အား ပိတ်ဆို့ရှာဖွေ စစ်ဆေးစေခဲ့ရာ မုဒုံမြို့နယ် ဒိုးမားကျေးရွာအုပ်စု ဒိုးမားကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ်ကားလမ်းဘေးတွင် ယာဉ်မောင်းမရှိဘဲ ရပ်တန့်ထားသည့် ဆီသယ်ယာဉ်အား စစ်ဆေးတွေ့ရှိရသဖြင့် မုဒုံမြို့မရဲစခန်းတွင် ထိန်းသိမ်းစစ်ဆေးလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဆီသယ်ယာဉ်များအား GPS တပ်ဆင်စေ၍ နည်းပညာဖြင့် ကြပ်မတ်စစ်ဆေးနေသည့်စနစ်အတွင်း ဝင်ရောက်ပြီးမှသာ ရေနံနှင့်ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း ကြီးကြပ်လက်မှတ်များ ထုတ်ပေးသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ဆီသယ်ယာဉ် ၅၁၀၆ စီးသည် GPS များတပ်ဆင်၍ စနစ်အတွင်း ဝင်ရောက်ပြီးဖြစ်သည်။

ဝန်ကြီးဌာန အနေဖြင့် ကြီးကြပ်စစ်ဆေးသည့်နည်းပညာများကို အဆင့်မြှင့်တင်လျက်ရှိပြီး ဆီသယ်ယာဉ် တစ်စီးချင်း၏ သွားရောက်မည့် လမ်းကြောင်းကို ထည့်သွင်းစေပြီး လမ်းကြောင်းမှ သွေဖည်ခြင်း၊ သံသယဖြစ်ဖွယ် အချိန်ကြာမြင့်စွာ ရပ်တန့်နေခြင်းတို့ ပြုလုပ်ပါက Control Center တွင် သတိပေး Alarm ပေါ်လာသည့်စနစ်ကို AI နည်းပညာသုံး၍ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းလိုက်နာခြင်း မရှိသည့်ယာဉ်များကို လုပ်ငန်းလုပ်ကိုင်ခွင့် ချက်ချင်းရပ်ဆိုင်း၍ လုပ်ငန်းရှင်များ အပါအဝင် သက်ဆိုင်သူ များကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ဆီသယ်ယာဉ်များအား သတ်မှတ်လမ်းကြောင်းများအတိုင်း သွားလာမှု ရှိ/မရှိ စောင့်ကြည့်စစ်ဆေးနေမှုကို တွေ့ရစဉ်။

✪ ရှေ့ဖုံးမှ

အဆိုပါကျောင်းသား၊ ကျောင်းသူများအား Junior Ambassador အဖြစ် ရွေးချယ်အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ရာ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက အသိအမှတ်ပြုလက်မှတ်များနှင့် ခရီးစဉ်အတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

မြန်မာကျောင်းသား၊ ကျောင်းသူအဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် နိုင်ငံအလိုက် ဖျော်ဖြေရမည့် BRIDGE Festival 2026 ၌ သကြီန်မိုးသီချင်းဖြင့် ယိမ်းအက ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| (ခ) | ဦးဇော်ထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခ ဒေါက်တာ ရဲမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာ ဆွေဆက်<br>ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးသန့်ဇင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိန်လှိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (ခ) | ဒေါက်တာသွယ်လင်းကို<br>ဒုတိယပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာအိအိဟန်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် ကလေးဆေးရုံကြီး ရန်ကုန် အထူးကြပ်မတ် ကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသော ရင်ချင်းဆက်အမြွှာမိန်းကလေးများအား ကြည့်ရှုအားပေး



**ရန်ကုန် ဇွန် ၂၁**

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ကလေးဆေးရုံကြီး ရန်ကုန် အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှု ခံယူလျက်ရှိသော ရင်ချင်းဆက်အမြွှာ မိန်းကလေးများဖြစ်သည့် မကြာညိုသင်းနှင့် မကြာညိုသိမ့်တို့ကို ယနေ့တွင်သွားရောက်ကြည့်ရှုအားပေးသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ကလေးများအတွက် ထူထောင်ထားသော ငွေပဒေသာပင်အတွက် ထောက်ပံ့ငွေများကို ဆေးရုံတာဝန်ရှိသူများထံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## အထက၊ အမှတ်(၅) ဘီဘီအိုအေ ရာပြည့်ပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မန္တလေး ဇွန် ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ နှင့် လမ်း ၆၀ ထောင့်၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ဘီဘီအိုအေ) ရာပြည့်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း ''ပညာမြင့်မိုရ်'' ခန်းမဆောင်တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာညိုညိုတင်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်း၊ စာရေးဆရာ၊ သတင်းစာဆရာ ဖြစ်မြောက်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါက်တာညိုညိုတင်က အမှာစကားပြောကြားပြီး ရာပြည့်ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်စိုး၊ အတွင်းရေးမှူး ဦးတင်စိုး(သစ်ထုတ်ရေး-ရောင်းစက်)တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ကျောင်းသားဟောင်း ပါမောက္ခ ဒေါ်တင်တင်ဝင်း (အငြိမ်းစား-အဆစ်ပညာဌာန)၊ ပါမောက္ခ၊ ဌာနမှူး-တိုင်းရင်းဆေးတက္ကသိုလ်) ဒေါ်ကြည်ကြည်ဆွေ၊ ဒေါ်ကြွယ်ကြွယ်ဦး(ဘဏ္ဍာရေးမှူး)၊ ဦးနိုင်အောင်၊ ဖိုးချစ်(မန်းတောင်ခြေ)၊ ဦးဇင်မင်းကို၊ ဒေါ်အေးအေးမြင့်(ဖိနပ်လုပ်ငန်း)၊ ဒေါ်နွယ်နွယ်ခိုင်တို့က ရာပြည့်ပွဲတော်အထိမ်းအမှတ် တီရှပ်၊ ခရီးသွားအိတ်ဆောင်၊ မှတ်စုစာအုပ်၊ ထီး၊ ကီးချိန်း၊ မဂ္ဂဇင်းထုတ်ဝေရေး၊ စာမူစုဆောင်းရေးတို့ကို ဆွေးနွေးကြသည်။

ရာပြည့်ပွဲတော်ကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာ ၂၅၊ ၂၆၊ ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေစုပေါင်းပေးအပ်ပွဲကို (၂၆-၇-၂၀၂၆)၊ လှူဒါန်းရေးမြေစိုက်ပိုစတာစိုက်ထူရေးကို (၂၈-၇-၂၀၂၆)ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၃၄၂)**

## နောင်ချိုမြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နောင်ချို ဇွန် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီက နောင်ချိုကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။



**ပေးအပ်**

ဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရဲရင့်ရန်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစည်သူလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်သစ်တော ဦးစီးအရာရှိတို့က တက်ရောက်လာသူများအားပျိုးပင်များ ပေးအပ်သည်။

အဆိုပါ စိုက်ပျိုးပွဲတွင် ကျွန်း ၁၀၀၊ ခါတော်မှို ၁၀၀၊ မဟော်ဂနီ ၂၀၀၊ ခရေ ၁၀၀၊ စိန်ပန်း ၁၀၀၊ ပိတောက် ၁၀၀ စုစုပေါင်းပျိုးပင် ၇၀၀ ကို တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မျိုးကောင်းမျိုးသန့် ဥစားဘဲသားပေါက်များဖြန့်ဖြူးပေးနိုင်ရေးနှင့် ရေမြေဒေသမွေးမြူရေးစနစ်နှင့်ကိုက်ညီသည့် ဒေသန္ဓားမျိုးများ တိုးချဲ့မွေးမြူနိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇွန် ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မျိုးထုတ်ဥစားဘဲမွေးမြူထားရှိမှု၊ ဒေသန္ဓား ငါးမျိုးမွေးမြူထားရှိမှု၊ တိုင်းရင်းကြက်စံပြမျိုးထုတ်လုပ်မွေးမြူနိုင်ရေးဆောင်ရွက်နေမှုနှင့် ဘဲဥဖောက်စက်အသုံးပြု၍ ဘဲသားပေါက်များ ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဥစားဘဲမွေးမြူရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ မျိုးကောင်းမျိုးသန့် ဥစားဘဲသားပေါက်များဖြန့်ဖြူးပေးနိုင်ရေး၊ ရေမြေဒေသမွေးမြူရေးစနစ်နှင့်ကိုက်ညီသည့် ဒေသန္ဓားမျိုးများရရှိနိုင်ရေးအတွက် မျိုးအလိုက် မျိုးရိုးဆိုင်ရာ တိုင်းတာခြင်း၊ မှတ်တမ်းပြုစုခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီး မွေးမြူရေးတောင်သူများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံအတွင်း ရေသိုလှောင်ထားရှိမှု၊ နို့စားနွားမွေးမြူရေးသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ(နေပြည်တော်)၌ နို့စားနွား(ဖရီရှန်)များ မွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိမှု၊ နိုက်ထရိုဂျင်အရည်ထုတ်စက်ရုံ၏ နိုက်ထရိုဂျင်အရည်ထုတ်လုပ်မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



● ရှေ့ဖုံးမှ

ပြောက်ကျား ယူနီဖောင်း ငါးစုံ၊ ပြောက်ကျား ဦးထုပ် ငါးလုံး၊ တစ်ပေခွဲပတ်လည် ဆိုလာ တစ်ချပ်၊ ၄ ပေ ၈ ပေ ပတ်လည် ဆိုလာ တစ်ချပ်၊ Inverter တစ်လုံး၊ ၁၂ ဗို့ဘက်ထရီ တစ်လုံး၊ Sound Box တစ်လုံး၊ အရပ်ကျော့ပိုးအိတ် နှစ်လုံး၊ ကိုးလုံးကျည် ၁၈ လုံးပါ တစ်တွဲ၊ ရွှေဦးထိ ၂၅ စောင်ပါ စာအုပ် ၁၅ အုပ်၊ YGN စာတမ်းပါ ဘက်တံဆိပ် ၃၇ ခုနှင့် မကွေးပြည်သူ့ကာကွယ်ရေးတံဆိပ် တစ်ခုတို့အား သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မွန်းလွဲပိုင်းတွင် ညောင်ပင်ကားကျေးရွာ၏တောင်ဘက် မီတာ ၁၅၀ ခန့်၌ ယာယီစခန်းအဖြစ် နေထိုင်ခဲ့သည်ဟု ယူဆရသည့် နေရာအား ထပ်မံတွေ့ရှိခဲ့ရပြီး လူ ၂၀ ဦးဆံ့ယာယီတဲတစ်လုံး၊ ကင်းတဲတစ်လုံးနှင့် လက်လုပ်နင်းမိုင်း မျိုးစုံ ၁၂ လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။ အလားတူ ကန်သာကျေးရွာအနီး နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၉၅၀ ခန့်၌ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစခန်းချနေထိုင်ခဲ့သည့် နေရာတစ်ခုအား ထပ်မံတွေ့ရှိခဲ့ရပြီး လက်လုပ်ဗုံးသီး ၁၁၇ လုံး၊ စက္ကူပတ် ခဲယမ်းပျော့ နှစ်အိတ်၊ ကျည်ကာအင်္ကျီ တစ်ထည်၊ TNT အားမြှင့်ယမ်း ၂၁ ခု၊ ရန်သူ့တန်းစီကွင်း တစ်ကွင်း၊ ရန်သူ့ခန်းမတဲ တစ်လုံး၊ လူ ၂၀ ဦးဆံ့ အိပ်ဆောင်တဲ တစ်လုံး၊ သံခုတင် လေးလုံး၊ မော်တော်ဆိုင်ကယ် နှစ်စီး၊ ဆိုလာ တစ်ချပ်၊ ဝရိန်စက် တစ်လုံး၊ ဝရိန်ချောင်း (အကြီး)တစ်ထုပ်၊ လမ်းလျှောက်စကားပြောစက် ငါးလုံး၊ လက်လုပ်ဗုံးသီးအခွံပြုလုပ်သည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နတ်မောက်မြို့နယ်အတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၇ ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် နတ်မောက်မြို့နယ် အိုင်မကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၀၀ ခန့်အကွာ၌ အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူ အလောင်းနှစ်လောင်း၊ စနိုက်ပါသေနတ် တစ်လက်နှင့် ၇ ဒသမ ၆၂ မမ ကျည်တောင့် ၁၂၀၀ တို့အား သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဒေသခံပြည်သူလူထုအား လက်နက်အားကိုးဖြင့် ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာများအတွင်းဝင်ရောက်၍ အဖျက်အမှောင့် လုပ်ငန်းဆောင်ရွက်ခြင်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အားလျော်စွာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် ဆောင်ရွက်လိုကြသည့် တာဝန်သိပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**





လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေနံချောင်းမြို့နယ် ကန်သာကျေးရွာအနီး၌ အကြမ်းဖက်သောင်းကျန်းသူများ၏ ယာယီစခန်းအား သိမ်းပိုက်ရရှိမှုနှင့် သိမ်းဆည်းရမိမှုများကို တွေ့ရစဉ်။

## လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ



စစ်ကိုင်း ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ ဇွန် ၁၇ရက်က လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီးနှင့် မော်တော်ဆိုင်ကယ်တစ်စီးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်၊ မန္တလေး-မုံရွာသွားကားလမ်း ရတနာပုံတံတားလမ်းအသုံးပြုခကောက်ခံရေးဂိတ်၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(စစ်ကိုင်း)မှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ မုံရွာမြို့ဘက်သို့ ရေစကြိုမြို့နယ်၊ မြေမလှကျေးရွာနေ အောင်မြင်သူ(၃၄)နှစ်ဆိုသူ မောင်းနှင်လာသည့် HIJET ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အောင်မြင်သူ ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် မုံရွာမြို့နယ်၊ ထန်းတောရပ်ကွက်၊ အင်းဖြတ်လမ်း၌ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မုံရွာမြို့၊ သလ္လာရပ်ကွက်နေ ဖြိုးဇော်အောင်(၂၈)နှစ်ဆိုသူ မောင်းနှင်လာသည့် MARK II ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဖြိုးဇော်အောင် ဆိုသူအား မုံရွာနယ်မြေရဲစခန်း ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတလည်မြို့နယ်၊ တောင်ပိုင်းရပ်ကွက်၊ ပေါင်းတလည်-ဆင်မြီးဆွဲ -သဲကုန်းကားလမ်းပေါ်၌ ပေါင်းတလည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပေါင်းတလည်မြို့မှ ဆင်မြီးဆွဲကျေးရွာဘက်သို့ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲကျေးရွာနေ မိုးဝင်း(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် EILAN 125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ဆိုင်ကယ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသဖြင့် မိုးဝင်း ဆိုသူအား ပေါင်းတလည်နယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနား ကျင်းပ

မန္တလေး ဇွန် ၂၁

မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးက(၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲက မန္တလာသီရိအားကစားကွင်းရှိ Multi-purpose Indoor Stadium တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဦးလှမျိုး၊ အိန္ဒိယကောင်စစ်ဝန်ချုပ်၊ ယောဂလေ့ကျင့်သူများ၊ အိန္ဒိယနွယ်ဖွားများ အပါအဝင် ယောဂချစ်သူ ၇၀၀ ကျော်ပါဝင်ဆင်နွှဲကြပြီး ယောဂကျင့်စဉ်အား စိတ်ဝင်စားမှုသည် မန္တလေးမြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းတွင်တိုးပွားလျက်ရှိသည်။

(၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂပွဲအတွက် အကြိုပွဲများကို မန္တလေးနန်းတော်ကျုံးအရှေ့နေရာ၊ ဦးပိန်တံတား၊ မန္တလေးတောင်တော်၊ ဧရာဝတီမြစ် View Point၊ ယောဂသင်တန်းကျောင်း၊ ပြင်ဦးလွင်နှင့် ယနေ့ပွဲတော် အပါအဝင် ခုနစ်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ ယောဂဆောင်ပုဒ်မှာ Yoga for Healthy Ageing ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လှ)ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်







**မန္တလေး ဇွန် ၂၁**

အားကစားရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၂၆ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လှ) ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြိုင်ပွဲဝင် ဝူရှူးအားကစားသမားများ၏ စွမ်းရည်ပြပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးကြသည်။

၎င်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်များနှင့် ဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း၊ ၂၀၂၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူး(ထောက်လှ)ဖိတ်ခေါ် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ISPE (Mandalay)တို့မှ အားကစားသမား ၁၂၀ ဦး ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## တောင်တွင်းကြီးမြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အခြေခံပညာအထက်တန်းကျောင်းခွဲ (အ·လ·က- ၃)တွင် မြို့ပေါ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ယမန်နေ့နံနက် ၇ နာရီက ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စုစုပေါင်း အင်အား ၂၁၄ ဦး ဖြင့် အခြေခံပညာအထက်တန်း ကျောင်းခွဲ၊ ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များနှင့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များ နုတ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ခြင်အန္တရာယ်ကင်းရှင်းရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်း၊ စာသင်ခန်းများ အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စာသင်ခုံများ စနစ်တကျ ပြန်လည်ထားရှိခြင်း၊ စွန့်ပစ်အမှိုက်များ ကောက်ယူခြင်းနှင့် အမှိုက်လှည်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသည့် အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(မိသနီးမြေ)**

## မိုင်းကိုင်မြို့နယ် ကောင်းဖယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းကိုင် ဇွန် ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ကုံးလုံးကျေးရွာအုပ်စု၊ ကောင်းဖယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ယမန်နေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းနှင့်တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့နှင့်အတူ ကောင်းဖယ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၅၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကောင်းဖယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအသင်းသား ၂၇ ဦးအား ငွေကျပ်သိန်း ၄၅၀ ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**အောင်ရဲကျော်**

၀-၀-၀-၀-၀

## ကျောက်ဆည်မြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**ကျောက်ဆည် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ဆောင်ခန်းမတွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ကျင်းပပြုလုပ်ခဲ့သည်။ **(ဝဲပုံ)**

ပြိုင်ပွဲ၌ "စွမ်းရည်မြင့်မားမြန်မာအမျိုးသမီးများ" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ရာ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား ဇူလိုင် ၃ ရက်တွင် ကျင်းပပြုလုပ်မည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၄၅)**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wang Yibo နှင့် Mao Junhao တို့ China GT 2026 ချန်ပီယံရှစ်ပြိုင်ပွဲ ပြိုင်ကား မိတ်ဆက်



၂၀၂၆ ခုနှစ် ချန်ပီယံရှစ်ပြိုင်ပွဲ China GT 2026 အတွက် Uno Racing Team(Unoracing) က ဝမ်ရိဘိုနှင့် မွှန်ဂျွန်ဟောင်တို့ ပါဝင်မည့် ပြိုင်ကားနှစ်စီးကို မိတ်ဆက်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ကား နှစ်စီးတွင် ရီယိုနှင့် ချန်ရီချွင်၊ ဝမ်ရိဘိုနှင့် မွှန်ဂျွန်ဟောင်တို့ ပါဝင်ထားကြသည်။

ယင်းပြိုင်ပွဲတွင် အဆင့်မြှင့်တင်ထားသည့် Mercedes-AMG GT Evo ပြိုင်ကားအသစ်စက်စက်နှင့် မောင်းနှင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရာသီသစ်၏ ပြင်းထန်သည့် စိန်ခေါ်မှုကို ကျော်ဖြတ်ကြမည်ဖြစ်သည်။

ဝမ်ရိဘိုသည် ၂၀၂၄ ခုနှစ်တွင် GT3 ပွဲဦးထွက်ပြိုင်ပွဲမှ FIA Class D ပရော်ဖက်ရှင်နယ် လိုင်စင်ရကား နာမည်ကြီးယာဉ်မောင်းမှ ပရော်ဖက်ရှင်နယ် ယာဉ်မောင်းအဖြစ် ပြောင်းလဲခဲ့သူဖြစ်သည်။ ပရိသတ်များက ဝမ်ရိဘို၏ ကားပြိုင်ပွဲကို နှလုံးခုန်ရပ်မတန် အားပေးထားကြသည်။ (SKY)


## Mad Concrete ဒရာမာကား ငလျင်ဒဏ်ကြားမှ လူသားဆန်မှုကို ပြသ

ကိုရီးယားဒရာမာကား Mad Concrete ဇာတ်ကားသစ် ထွက်ရှိလာရာ ငလျင်ဒဏ်ကြောင့် မြို့တစ်မြို့ပျက်စီးသွားပြီးနောက် ကျန်ရစ်သူများကြား လူသားဆန်မှုကို စမ်းသပ်ထားသည့် ဇာတ်ကားဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကားတွင် မိုးကြီးပြီး လှိုင်းကြီးတစ်ခုနှင့်အတူ မြေငလျင်အကြီးစားဖြစ်ပွားကာ မြို့တော်တစ်မြို့လုံး ပြိုလဲပျက်စီးသွားခဲ့သည်။ ထူးခြားစွာတိုက်ခန်းအဆောက်အအုံ တစ်လုံးသာ မပြိုမလဲ ကျန်ရှိခဲ့ရာမှ အသက်ရှင်ကျန်ရစ်သူများကြား လူ့သဘောသဘာဝများ ထင်ထင်ရှားရှား ပေါ်လာသည်။




ပြင်ပအန္တရာယ်ကြီးထက် အတွင်းလူသားများ၏ လောဘနှင့်ကြောက်ရွံ့မှုက ပိုမိုကြီးမားလာကာ အစာရေစာ ပြတ်လပ်၍ စည်းကမ်းများပြောင်းလဲရာမှ 'ဘယ်သူနေထိုင်ခွင့်ရှိသလဲ'မေးခွန်း ပေါ်လာပြီး အရေးပေါ်အခြေအနေတွင် လူသားဆန်မှု ပြသကြပုံကို ရိုက်ကူးထားသည်။ (SKY)



## ပိုမိုသေးငယ်သော အလင်းအာရုံခံနည်းပညာများအတွက် ထူးခြားဆန်းသစ်သော ခရစ်စတယ်တစ်မျိုး ရှာဖွေတွေ့ရှိ

အက်စပန်စီယိုကုမ္ပဏီမှ သုတေသနအဖွဲ့သည် စင်ကာပူအမျိုးသားတက္ကသိုလ်နှင့် ပရက်ဓာတုဗေဒနှင့် နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များနှင့် ပူးပေါင်း၍ မိုလစ်ဒီနမ် အောက်စီကလိုရိုက်ဟုခေါ်သော အလွှာလိုက် ခရစ်စတယ်အမျိုးအစားတွင် ထူးခြားဆန်းသစ်သည့် ဂုဏ်သတ္တိများရှိနေကြောင်း မကြာသေးမီက ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

သုတေသီများသည် ယင်းခရစ်စတယ်၏ အလင်းဆိုင်ရာဂုဏ်သတ္တိများကို ပထမဆုံးအကြိမ်အဖြစ် အလုံးစုံ စမ်းသပ်ပုံဖော်နိုင်ခဲ့ကြပြီး ၎င်းသည် သဘာဝအလျောက် ဖြစ်တည်သော ပစ္စည်းများအနက် အလင်းပြန့်ယိုင်မှုအား အကောင်းဆုံးဖြစ်ကြောင်း တွေ့ရှိခဲ့ကြသည်။

အဆိုပါ ခရစ်စတယ်၏ ထူးခြားထက်မြက်သော ဝိသေသမှာ ၎င်းကို ထားရှိသည့် ဦးတည်ရာအပေါ် မူတည်၍ တုံ့ပြန်ပုံပြောင်းလဲသွားခြင်းဖြစ်သည်။ ၎င်းကို လားရာတစ်ခုအတိုင်း ထားရှိပါက သတ္တုကဲ့သို့ အလင်းပြန်စေပြီး ၉၀ ဒီဂရီ လှည့်လိုက်ပါက ဖန်ခွက်ကဲ့သို့ ကြည်လင်ပြတ်သားစွာ အလင်းဖြတ်သန်းသွားစေကြောင်း သိရသည်။ (SCI)



## Mr Sunshine အပါအဝင် ဒရာမာနှင့် ရုပ်ရှင်ကားများ ဂျိုဆွန်မင်းဆက်အကြောင်း ရိုက်ကူး

တောင်ကိုရီးယားရာဇဝင်ထဲမှ ဂျိုဆွန်မင်းဆက်တစ်ခုစီအကြောင်း ရိုက်ကူးထားသော ဇာတ်ကားများတွင် Mr Sunshine လည်း အပါအဝင်ဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဒရာမာနှင့် ရုပ်ရှင်ကားများဖြစ်ကြသည့် Mr Sunshine (2018), Gabi (2012), The Last Princess(2016), The Ssword with No Name (2009) နှင့် King Maker The Change of Desting (2020)တို့တွင် ဘုရင်တစ်ပါးစီ၏ ထူးခြားသောသမိုင်းအကျဉ်းနှင့် ထိုခေတ်ကာလကို ပုံဖော်ရိုက်ကူးထားသည်။

ဂျိုဆွန်မင်းဆက်၏ အမြင့်မြတ်ဆုံးနှင့် အခမ်းအနားဆုံး တော်ဝင်အခမ်းအနား Jong Myo Daeje ပွဲတော်ကို ဆိုးလ်မြို့လယ်တွင် နှစ်ပေါင်းခြောက်ရာတိုင် ထိန်းသိမ်းထားသည့် ဂျိုဆွန်မင်းဆက် (၁၃၉၂-၁၉၂၀)ထိ ဘုရင်နှင့်မိဖုရားများ ဝိဉာဉ်ပူဇော်ပွဲ အခမ်းအနားဖြစ်၍ ယူနက်စကိုက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရသည်။ နှစ်စဉ် မေလ ပထမဆုံး တနင်္ဂနွေနေ့တွင် ကျင်းပခဲ့ကြသည်။ (SKY)

## J Jay Patiphan က Be On Cloud နှင့် စာချုပ်ရပ်ဆိုင်း



ထိုင်းအနုပညာရှင် ဂျီဂျေပါတီဖွန်သည် ၂၀၂၃ ခုနှစ်မှ စတင်လက်တွဲခဲ့သည့် Be On Cloud (BOC) ကုမ္ပဏီနှင့် စာချုပ်ရပ်ဆိုင်းခဲ့ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ BOC ကုမ္ပဏီ၏ တရားဝင်ကြေညာချက်အရ ၂၀၂၆ ခုနှစ်၊ ဧပြီလကုန်မှစတင်၍ အလုပ်အကိုင်အခွင့်အလမ်းများကို လွတ်လပ်စွာ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီနှင့် လက်ခံပြီးသား အနုပညာလုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပါဝင်သည်။

ဂျီဂျေပါတီဖွန်သည် ကြိုးစားအားထုတ်မှု၊ တာဝန်ယူမှု၊ စိတ်အားထက်သန်မှုနှင့် ကိုယ်ရည်ကိုယ်သွေးကောင်းမွန်မှုရှိကာ ကုမ္ပဏီမှအနုပညာရှင်များ၊ ဝန်ထမ်းများအပေါ် ချစ်ခင်လေးစားမှုရှိကြောင်း၊ အနာဂတ်အနုပညာလမ်းကြောင်းတွင် အောင်မြင်မှုများ ပိုမိုရရှိရန် ဆုတောင်းပေးကြောင်း၊ ပရိသတ်များလည်း ပိုင်းဝန်းအားပေးကြရန် ထပ်ဆင့်၍ ကုမ္ပဏီက တိုက်တွန်းထားသည်။

ဂျီဂျေပါတီဖွန်က သုံးနှစ်တာ လက်တွဲ၍ တန်ဖိုးရှိသောအချိန်များကို ပိုင်ဆိုင်ခဲ့ပြီး အခွင့်အရေးနှင့် ကူညီပေးမှုအပေါ် ကျေးဇူးတင်ကာ အမှတ်တရများစွာ ရှိခဲ့သည့်နေရာကို စွန့်ပစ်ရန် ခက်ခဲသည့် ဆုံးဖြတ်ချက် ချခဲ့ရသည်ဟု ရင်ဖွင့်စကား ပြောကြားခဲ့သည်။ (SKY)

## Wang Yibo ၏ ၂၀၂၆ လှုပ်ရှားမှုများ ထွက်ပေါ်လာ

တရုတ်အနုပညာရှင်၊ ဇွယ်စုံရမင်းသား ဝမ်ရိဘို၏ ၂၀၂၆ ခုနှစ် လှုပ်ရှားမှုများ ထွက်ပေါ်လာရာ ယမန်နှစ်ကထက် အရည်အသွေးမြင့် ပရောဂျက်များကြောင့် ပရိသတ် အံ့အားတသင့်ဖြစ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


ဝမ်ရိဘိုသည် ရုပ်ရှင်ကဏ္ဍတွင် အရည်အသွေးမြင့် သရုပ်ဆောင်တစ်ယောက်အဖြစ် ခြေလှမ်းကျဲကျဲ လှမ်းနေသည်။ ၂၀၂၆ ခုနှစ်တွင် သူသရုပ်ဆောင်ထားသည့် ဇာတ်ကားများထွက်ရှိလာမည်ဖြစ်ပြီး သရုပ်ဆောင်ပိုင်း ရင့်ကျက်မှုကို မြင်တွေ့ကြရမည်။

ဖက်ရှင်နှင့် ကုန်အမှတ်တံဆိပ်များ၏ ကမ္ဘာ့ကျော် Luxury Brand များ၏ ကမ္ဘာလုံးဆိုင်ရာ သံတမန်အဖြစ် ပြည်ပဖက်ရှင်ပွဲများတွင် ပို၍ မြင်တွေ့ရသည်။ အားကစားနှင့်ပတ်သက်၍လည်း ဆိုင်ကယ်ပြိုင်ပွဲ၊ စကိတ်ဘုတ်စီးပွဲ၊ ကားပြိုင်ပွဲများတွင်သာမက ၂၀၂၆ ခုနှစ်တွင် ရသစုံရှိုးပွဲများတွင် ပါဝင်မည်ဖြစ်သည်။

ဝမ်ရိဘိုသည် လက်ရှိ သူ၏အလုပ်နှင့် ဝါသနာကို အချိန်ပြည့်ပေးထားကာ အချစ်ရေးထက် အနုပညာဖန်တီးမှုကိုသာ အလေးထားပြီး အကောင်းဆုံးအနုပညာများကို ချပြရန် စိတ်အားထက်သန်နေသည်။ (SKY)



# အမေရိကန်-အီရန်ဆွေးနွေးပွဲ ဆွစ်ဇာလန်၌ ကျင်းပ




**ဗာဂျန်စတော့ ဇွန် ၂၁**

အမေရိကန်နှင့် အီရန်ကိုယ်စားလှယ်များသည် ဆွစ်ဇာလန်နိုင်ငံ ဗာဂျန်စတော့မြို့၌ နှစ်ဖက်အကြား ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၏နောက်ဆုံးအဆင့် သဘောတူညီချက်ရရှိရေးအတွက် ဇွန် ၂၁ ရက်က ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခု ဆွေးနွေးပွဲမတိုင်မီ ကာလအတွင်း ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ခဲ့ကာ အီရန်နျူကလီးယားအစီအစဉ်ကို အဆုံးသတ်နိုင်ခဲ့ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်စ်က ပြောကြားသည်။

သို့ရာတွင် အဆိုပါလုပ်ငန်းများကို မည်မျှအတိုင်းအတာအထိ ဆောင်ရွက်နိုင်ခြင်းနှင့် အရှေ့အလယ်ပိုင်းဒေသဆက်ဆံရေးကို မိမိတို့ ပြောင်းလဲနိုင်ခဲ့သလား ဆိုသည့်မေးခွန်းများ လက်ရှိအချိန်အထိ ရှိနေကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန် ကိုယ်စားလှယ်အဖွဲ့အား သမ္မတ၏ အထူးကိုယ်စားလှယ် စတိဗ်ဝဒ်ကော့နှင့် သမ္မတထရမ့်၏ သားမက် ဂျာရက်ကုရှနာတို့က ခေါင်းဆောင်ပြီး အီရန်ကိုယ်စားလှယ်အဖွဲ့တွင် ပါလီမန်ဥက္ကဋ္ဌ မိုဟာမက်ဗာဂါဂါလစ်၊ နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီ အပါအဝင် ဗဟိုဘဏ်၊ လုံခြုံရေးနှင့် လောင်စာဆီဆိုင်ရာ တာဝန်ရှိသူများ ပါဝင်ကြောင်း သိရသည်။

ယခုကျင်းပမည့် အစည်းအဝေးအတွင်း မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာတွင် ပါရှိသည့် ၎င်း၏ကတိကဝတ်များကို အမေရိကန်က အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အီရန်နိုင်ငံက လက်တွဲကြိုးပမ်းသွားမည်ဟု နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီက ပြောကြားခဲ့သည်။

ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့်သဘောတူညီချက်အရ လက်ဘနွန်အပါအဝင် စစ်မျက်နှာအားလုံးတွင် စစ်ပွဲကို အဆုံးသတ်ခြင်း၊ အမေရိကန်ရေတပ်ပိတ်ဆို့မှုကို ရုပ်သိမ်းခြင်း၊ ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ခြင်း၊ အီရန်၏ ရေနံစိမ်း၊ ရေနံထွက်ကုန်များနှင့် အခြားရေနံထုတ်ကုန်များ တင်ပို့မှုအတွက် အမေရိကန်၏ကင်းလွတ်ခွင့်များ ပေးခြင်းနှင့် အီရန်၏ပိုင်ဆိုင်မှုများကို ပြန်လည်ပေးအပ်ခြင်း စသည့်အချက်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံတွင် ဖြစ်နေသည့် စစ်ပွဲအဆုံးမသတ်က အီရန်အနေဖြင့် ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်မည်မဟုတ်ကြောင်း အီရန်ကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။ လက်ဘနွန်နိုင်ငံတွင် အစ္စရေးက ကျူးလွန်နေသည့်ပြစ်မှုများကို အဆုံးမသတ်ခြင်းနှင့်လက်ဘနွန်နိုင်ငံ၏အချုပ်အခြာအာဏာကို အာမခံချက်မပေးနိုင်က အီရန်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် အခြားအကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးမည်မဟုတ်ကြောင်းလည်း အီရန်ကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ပြင်သစ်နိုင်ငံတွင် ပြင်းထန်သော အပူလှိုင်းဖြတ်သန်းမှုကြောင့် ဂီတပွဲစဉ်များ၌ ယမကာ သောက်သုံးမှုကို ပိတ်ပင်ထား



**ပဲရစ် ဇွန် ၂၁**

ပြင်သစ်နိုင်ငံတွင် ပြင်းထန်သော အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်များ စံချိန်တင်မြင့်မားလာနိုင်သဖြင့် နိုင်ငံလုံးဆိုင်ရာ အကြီးစားဂီတပွဲတော်၏ အချို့သောပွဲစဉ်များ၌ ယမကာ သောက်သုံးမှုကို ပိတ်ပင်လိုက်ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂီတပွဲတော် ဆင်နွှဲရန် ပြင်သစ်နိုင်ငံတစ်ဝန်းရှိ လမ်းမများပေါ်သို့ လူဦးရေ သန်းနှင့်ချီ၍ ထွက်ခွာလာလေ့ရှိရာ နိုင်ငံ၏ သုံးပုံတစ်ပုံခန့်၌ အရေးကြီးဆုံး အပူလှိုင်းသတိပေးချက်များ ထုတ်ပြန်ထားရသဖြင့် အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားသော ဒေသများရှိ အများပြည်သူဆိုင်ရာနေရာများတွင် ယမကာ သောက်သုံးခြင်းကို အစိုးရက ပိတ်ပင်ထားသည်။

ဇွန် ၂၁ တွင် အနောက်တောင်ပိုင်းဒေသများမှတစ်ဆင့် ပဲရစ်ဒေသနှင့် ဘာဂန်ဒီဒေသများအထိ အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်အတွင်းရှိလာနိုင်ပြီး အချို့သောဒေသများတွင် ၄၁ ဒီဂရီစင်တီဂရိတ်အထိပင် ရောက်ရှိနိုင်ကြောင်း သိရသည်။

Mon

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

## ဟိုင်နန်ပြည်နယ်၏ စုစုပေါင်း ကုန်စည်သွင်းကုန်နှင့် ပို့ကုန်ပမာဏ ၂၀၂၆ ဖေဖော်ဝါရီလကုန်တွင် ၂၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်

**ပေကျင်း ဇွန် ၂၁**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်၏ စုစုပေါင်း ကုန်စည်သွင်းကုန်နှင့် ပို့ကုန်ပမာဏသည် ယခင်နှစ်ကာလတူထက် ၂၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယွမ်ငွေ ၆၅ ဒသမ ၄၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ ဘီလီယံ) သို့ ရောက်ရှိခဲ့ရာ တစ်နိုင်ငံလုံးဆိုင်ရာ ပျမ်းမျှတိုးတက်မှုနှုန်းထက် ၁၄ ရာခိုင်နှုန်း ပိုမိုမြန်ဆန်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၊ အာဖရိကနှင့် လက်တင်အမေရိက ဈေးကွက်များအားလုံးတွင် သိသာထင်ရှားသော တိုးတက်မှုများ ရှိခဲ့ပြီး ၎င်းသည် မိတ်ဖက်နိုင်ငံသို့မဟုတ် ဒေသတစ်ခုတည်းအပေါ်၌ မှီခိုနေခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ် မတူကွဲပြားစုံလင်သော ကုန်သွယ်မှုအခြေခံတစ်ခု ရှိနေခြင်းကို ပြသလျက်ရှိသည်။

ယခင်က ကုန်စည်အမျိုးအစားပေါင်း ၁၉၀၀ ဝန်းကျင်သာ အခွန်ကင်းလွတ်ခွင့်ရရှိခဲ့ရာမှ ယခုအခါ ကုန်စည်အမျိုးအစားပေါင်း ၆၆၀၀ ကျော်အထိ အခွန်ကင်းလွတ်ခွင့်ရရှိနေပြီဖြစ်သည်။

ထို့ပြင် ၁၅ ရာခိုင်နှုန်းသာရှိသော ကော်ပိုရိတ်ဝင်ငွေခွန်နှုန်းထားကြောင့် ဟိုင်နန်သည် အာရှတွင် စီးပွားရေးလုပ်ကိုင်ရန် အခွင့်အလမ်းအကောင်းဆုံးနှင့် ပြိုင်ဆိုင်မှုအရှိဆုံး ပတ်ဝန်းကျင်တစ်ခု ဖြစ်လာကြောင်း သိရသည်။Mon



## မလေးရှားနိုင်ငံ ဘာတူးပါဟတ် ကမ်းလွန်ပင်လယ်ပြင်တွင် ပြင်းအား ၃ ဒသမ ၃ အဆင့်ရှိ အင်အားနည်းသော ငလျင်တစ်ခု လှုပ်

**ကွာလာလမ်ပူ ဇွန် ၂၁**

မလေးရှား မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဂျိုဟိုးပြည်နယ်၊ ဘာတူးပါဟတ် ကမ်းလွန်ပင်လယ်ပြင်တွင် ယနေ့နံနက်အစောပိုင်းက ပြင်းအား ၃ ဒသမ ၃ အဆင့်ရှိ အင်အားနည်းသော ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၇ မိနစ်တွင် လှုပ်ခဲ့သော ထိုငလျင်၏ ဗဟိုချက်သည် ဘာတူးပါဟတ်မြို့၏ အနောက်တောင်ဘက် ၂၀ ကီလိုမီတာအကွာ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုခဲ့ခြင်းဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

မလေးရှား မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ဘာတူးပါဟတ်မြို့ ပတ်ဝန်းကျင်တွင် မြေတုန်ခါမှုများကို ခံစားရနိုင်ပြီး အခြေအနေကို အနီးကပ် ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon





## ဘက်ပို့ဒ်မြို့အနီး ဖြစ်ပွားခဲ့သော ရထားတိုက်မှုအပြီး လူ ၂၈ ဦး ဆေးရုံ၌ ဆက်လက်ဆေးကုသမှု ခံယူနေရ

**လန်ဒန် ဇွန် ၂၁**

ဗြိတိန်နိုင်ငံ ဘက်ဖို့ဒ်မြို့အနီး ဖြစ်ပွားခဲ့သော ရထားတိုက်မှု ဖြစ်စဉ်အပြီးတွင် လူ ၂၈ ဦးမှာ ဆေးရုံ၌ ဆက်လက်ဆေးကုသမှု ခံယူနေရပြီး ၎င်းတို့အနက် ကိုးဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေကြောင်း သိရသည်။

ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် လန်ဒန် စိန့်ပန်ခရတ်သို့ ဦးတည်သွားနေသည့် အရှေ့မစ်ဒ်လန်း ရထားလိုင်းနှစ်ခု တိုက်မိရာမှ ရထားမောင်းသူ တစ်ဦးသေဆုံးကာ လူ ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

အရှေ့အင်္ဂလန် အရေးပေါ်ကယ်ဆယ်ရေးဌာန၏ အတည်ပြုချက်အရ လူ ၁၁ ဦးမှာ အလွန်ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး နောက်ထပ် လူ ၃၂ ဦးကို ဒဏ်ရာရရှိသူများအဖြစ် သတ်မှတ်ထားကာ ၅၇ ဦး ရရှိခဲ့သော ဒဏ်ရာများမှာ မစိုးရိမ်ရကြောင်း သိရသည်။

Mon

STOP AIDS

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသ

**မန္တလေး ဇွန် ၂၁**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၃၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ယမန်နေ့ နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင် ပြသခဲ့သည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်ပြသရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ သိရှိစေနိုင်ရန်၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းဖြင့် ရရှိနိုင်သောရောဂါများကို သိရှိစေနိုင်ရန်၊ မူးယစ်ဆေးဝါးကို မသုံးစွဲခြင်းဖြင့် အကျင့်စာရိတ္တကောင်းမွန်သည့် လူငယ်၊ လူရွယ်များ ဖြစ်လာစေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင် ပြသခဲ့ရာ အမှတ်(၃၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**



## အောင်မြေသာစံမြို့နယ်တွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၂၁**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်တွင် ဇွန် ၂၀ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။ (ယာပုံ)

အဆိုပါဆောင်ရွက်မှုတွင် အောင်မြေသာစံရပ်ကွက်၊ အကွက်(၁၃၄)ရှိ အိမ်ခြေ ၁၉၀၊ အိမ်ထောင်စု ၂၁၆ စု၊ လူဦးရေ ၉၀၀ ဦးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင် ဦးဆောင်လျက် သန္နေတပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်စုမှူး အောင်သူမြင့်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းတင့်နှင့် ရာအိမ်မှူးများ ပူးပေါင်း၍ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ 191 REPORT APPLICATION ကို ပြည်သူများ အသုံးပြုရေး ကွင်းဆင်း ထည့်သွင်းပေးခြင်း၊ ရေရရှိရေး စစ်ဆေးခြင်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၇၀)



## လျှပ်စစ်ရေနွေးအိုး အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မြစ်သား ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ မြို့မအနောက်ရပ်ကွက် နေအိမ်တွင် ဇွန် ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲက လျှပ်စစ်ရေနွေးအိုးအား ရေမရှိဘဲ တည်ထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြစ်သားမြို့နယ် မီးသတ်စခန်းမှ ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်၍ သန္နေ၊ အရန်တပ်ဖွဲ့ဝင် ၁၈ ဦးသည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး ပေ(၂၀ × ၂၀)၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက် အလုပ်ရုံတစ်လုံး၊ ပေ(၂၀ × ၃၀)၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ် တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲသူ နေအိမ်ပိုင်ရှင် ဒေါ်-----(၆၉) နှစ်ဆိုသူအား မြစ်သားမြို့နယ် ရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မိုးသီး**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကလေးဝမြို့၌ ငွေကျပ် သုံးဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ကီလိုခန့်၊ စိတ်ကြွဆေးပြား ၁၀ သိန်းကျော်နှင့် လက်နက်/ ခဲယမ်းများသိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၁**

ကလေးဝမြို့တွင် ငွေကျပ် သုံးဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၀ ကီလိုခန့်၊ စိတ်ကြွဆေးပြား ၁၀ သိန်းကျော်နှင့် လက်နက်/ ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၇ ရက် နံနက် ၁၀ နာရီက ကလေးဝမြို့ ချင်းတွင်းတံတားတွင် ဂိုးရှင်းမန် (ခ)ရှင်းမန် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ ဘိန်းဖြူ ၅ ဒသမ ၅ ကီလို၊ ဂင့်ကပ်ခိုင်(ခ)ခိုင်ခိုင် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို၊ မုန်ဂင့်ဆန်(ခ)ဆန်းသယ် မောင်းနှင်လာသော PRADO ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၀ ဒသမ ၅ သိန်းနှင့် ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည်တောင့် ၂၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ယာဉ်သုံးစီးပေါ်မှ စုစုပေါင်း ၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၀၂၁ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူ ၉ ဒသမ ၉ ကီလို၊ စိတ်ကြွဆေးပြား ၁၀ ဒသမ ၅ သိန်းနှင့် လက်နက်/ ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် လက်နက်/ ခဲယမ်းများကို မန္တလေးမြို့မှ တီးတိန်မြို့သို့ အမိကသယ်ဆောင်ခိုင်းသူမှာ တီးတိန်မြို့နေ ထွန်းဂင့်မုန်(ခ)ပါးမုန် (ဖမ်းဆီးရန်ကျန်)နှင့် ထန်ဆောမ်းဟောက်(ခ)ဆောမ်းဟောက်(ဖမ်းဆီးရန်ကျန်)တို့ ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့်ငွေကြေး အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ ဂိုးရှင်းမန်(ခ)ရှင်းမန်၊ မုန်ဂင့်ဆန်(ခ)ဆန်းသယ်နှင့် ဂင့်ကပ်ခိုင်(ခ)ခိုင်ခိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်/ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

## လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**တောင်သာ ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အမှတ်(၆) ရပ်ကွက်နေအိမ်၌ လျှပ်စစ်မိန်းခုံတွင် တပ်ဆင်ထားသော လျှပ်စစ်ဝါယာကြိုးများ အပူလွန်ကဲပြီး မီးလောင်မှု ဇွန် ၂၀ ရက် နံနက် ၁ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ တောင်သာမြို့နယ် မီးသတ်စခန်းမှ ဦးစီးမှူး ဦးကျော်စွာ ဦးစီး၍ သန္နေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦးသည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ပေ(၂၀× ၂၀)၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ်လေးလုံးခန့် မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာ သုံးစွဲသူ ဒေါ်-----(၇၉)နှစ်ဆိုသူအား တောင်သာမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(အောက်ပုံ) (၀၅၇)**



## မိုးညှင်းမြို့နယ်၌ ငွေကျပ် ၂၂၄ သိန်းတန်ဖိုးရှိ ဘိန်းဆီခဲများ ဖမ်းဆီးရမိ



**မိုးညှင်း ဇွန် ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သတင်းအရ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ရွာအနီးတွင် ဖားကန့်မြို့၊ မော်ရှန်ရပ်ကွက်နေ ကျားရော်(၄၆)နှစ်ဆိုသူ မောင်းနှင်လာသော MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ဘိန်းဆီခဲ ၁၆ ကီလို(တစ်ကီလိုလျှင် ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၂၄သိန်း)နှင့် မြန်မာငွေကျပ် ၁၀ သိန်းတို့အား ဖမ်းဆီးရမိသဖြင့် ကျားရော် ဆိုသူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ



## ချိုင်းကြားမည်းခြင်းကို သဘာဝအတိုင်း ဖြူစင်စေမယ့် အာလူး

ချိုင်းမွေးနုတ်ခြင်း၊ ရိတ်ခြင်း (သို့မဟုတ်)ဓာတုပစ္စည်းများ ပြင်းထန်စွာပါဝင်တဲ့ ချိုင်းဖျန်းဆေး (Deodorant)၊ ချိုင်းလိမ်းတောင့်တွေ အလွန်အကျွံ သုံးစွဲခြင်းကြောင့် ချိုင်းကြားအရေပြား ညိုမည်းလာတတ်ပါတယ်။ အာလူးမှာ သဘာဝအရအရေပြားကို ဖြူစင်ဝင်းပစေတဲ့ အင်ဇိုင်းတစ်မျိုးဖြစ်တဲ့ (Catecholase) ပါဝင်တာကြောင့် အရေပြားကို နီမြန်းယားယံခြင်း လုံးဝမရှိစေဘဲ တဖြည်းဖြည်းဖြူဝင်းလာစေပါတယ်။ ဘယ်လိုအသုံးပြုရမလဲဆိုတော့ အာလူးကို အကွင်းလိုက်ပါးပါးလှီးပြီး ချိုင်းအောက်တွင် ငါးမိနစ်ခန့် အသာအယာ စက်ဝိုင်းပုံစံ ပွတ်တိုက်ပေးနိုင်သလို အာလူးကို ခြစ်ပြီး ညှစ်ထုတ်ရရှိလာတဲ့ အာလူးရည်ကို ဂွမ်းစဖြင့် တို့လိမ်းကာ ၁၅ မိနစ်ထားပြီးမှ ရေဆေးချလိုက်ပါ။ တစ်ပတ်ကို သုံးကြိမ်ခန့် မှန်မှန်ပြုလုပ်ပေးရင် ချိုင်းကြားအသားအရေ ညီညာဖြူစင်လာမှာ ဖြစ်ပါတယ်။

**Daisy**

## အဆီပြန်၊ ဝက်ခြံသမားများအတွက် အိမ်တွင်းဖြစ် ပျားရည်နှင့် သံပရာသီး Mask

ဈေးကြီးတဲ့ မျက်နှာပေါင်းတင် Mask တွေအစား မီးဖိုချောင်ထဲမှာတင် အလွယ်တကူ ရနိုင်တဲ့ သဘာဝပစ္စည်းတွေနဲ့ အသားအရေကို ပြုပြင်နိုင်ပါတယ်။ ပျားရည်မှာ ဘက်တီးရီးယားကို ဆန့်ကျင်တဲ့ဓာတ် (Antioxidants) ပါဝင်ပြီး သံပရာသီးမှာ အမည်းစက်တွေကို မှေးမှိန်စေတဲ့ ဗီတာမင် C ပါဝင်တာကြောင့် ပျားရည်စားပွဲတင်ဇွန်း တစ်ဇွန်းနှင့် သံပရာရည် ငါးစက်ခန့်ကို သေချာရောစပ်ပြီး သန့်စင်ထားသော မျက်နှာပေါ်တွင် ၁၅ မိနစ်ခန့် လိမ်းထားပေးရပါမယ်။ သံပရာရည်မှာ အက်စစ်ဓာတ်တွေ ပါဝင်တာကြောင့် ၁၅ မိနစ်ထက်ပိုပြီး မျက်နှာပေါ်မှာ မထားရပါဘူး။

ပြီးရင် ရေနွေးနွေးလေးနဲ့ စင်ကြယ်အောင် ဆေးချပေးလိုက်ပါ။ ပြီးရင်တော့ မျက်နှာ အစိုဓာတ်ဖြည့်ပေးတဲ့ Face Cream/Moisture တစ်ခုခုကို လိမ်းပေးပါ။ ဒီနည်းလမ်းအတိုင်း ညဘက် တစ်ပတ်ကို နှစ်ကြိမ်ခန့် ပြုလုပ်ပေးရင် အဆီပြန်တာနဲ့ ဝက်ခြံတွေကို သက်သာစေပါတယ်။

**Daisy**



## အဆီပုနှင့် ဆဲလ်သေများကို ဖယ်ရှားပေးမယ့် အုတ်ဂျုံ (Oatmeal)



မျက်နှာပေါ်က အဆီဖုတွေ ခဏခဏ ထွက်တတ်ပြီး အသားအရေ မညီမညာ ကြမ်းတမ်းနေသူများအတွက် အုတ်ဂျုံ(Oatmeal) နဲ့ မျက်နှာသစ်ပေးတာက အသားအရေ ကြမ်းတမ်းနေတာကို သက်သာစေပါတယ်။ အုတ်ဂျုံဟာ အရေပြားပေါ်က ပိုလျှံနေတဲ့ အဆီပိုတွေကို စုပ်ယူပေးရုံတင်မကဘဲ ရောင်ရမ်းမှုတွေကိုပါ သက်သာစေပြီး အသားအရေကိုလည်း အစိုဓာတ်ခန်းခြောက်မသွားစေဘဲ ဆဲလ်သေတွေကို ညင်သာစွာ ဖယ်ရှားပေးနိုင်ပါတယ်။ အုတ်ဂျုံကို ညက်နေအောင် အမှုန့်ကြိတ်ပြီး ရေနွေးနွေးလေး အနည်းငယ်ဖြင့် စေးပျစ်သွားအောင် ဖျော်စပ်ပါ။ ပြီးရင် မျက်နှာပေါ်မှာ စက်ဝိုင်းပုံစံ အသာအယာ တစ်မိနစ်ခန့် နှိပ်နယ်ပေးပြီး ရေအေးနဲ့ စင်ကြယ်အောင် ဆေးချရမှာဖြစ်ပြီး ဆပ်ပြာအစားထိုး သဘာဝ မျက်နှာသစ်နည်းအဖြစ် နေ့စဉ် (သို့မဟုတ်) တစ်ပတ်သုံးကြိမ် ပြုလုပ်ပေးနိုင်ပါတယ်။

**Daisy**

✱-✱-✱-✱-✱-✱-✱



## လက်သည်း၊ ခြေသည်းများ ကျန်းမာသန့်စွမ်းပြီး တောက်ပြောင်စေတဲ့ သံလွင်ဆီ


လက်သည်းခြေသည်းများ အဝါရောင်သမ်းခြင်း၊ အလွှာလိုက်ကွာခြင်းနှင့် ကျိုးလွယ်ခြင်းတို့ဟာ လက်သည်းနီဆိုးဆေးများ၊ ဖျက်ဆေးများထဲက ဓာတုဗေဒပစ္စည်းများနှင့် ရေဓာတ်ခန်းခြောက်မှုကြောင့် ဖြစ်တတ်ပါတယ်။ သံလွင်ဆီ (Olive Oil) က လက်သည်းဆဲလ်တွေထဲအထိ နက်ရှိုင်းစွာ စိမ့်ဝင်နိုင်ပြီး ဗီတာမင်အီးဓာတ် အပြည့်အဝပါဝင်တာကြောင့် လက်သည်းကို ကျန်းမာသန့်စွမ်းစေကာ ဘေးနားက အသားပပ်တာတွေကိုပါ သက်သာစေပါတယ်။ အသုံးပြုပုံကခွက်တစ်ခုထဲမှာ သံလွင်ဆီ ခပ်နွေးနွေးကိုထည့်ပြီး လက်သည်း၊ ခြေသည်းတွေကို ၁၀ မိနစ်ခန့် စိမ်ထားပေးရုံပဲ ဖြစ်ပါတယ်။ တစ်ပတ်ကို တစ်ကြိမ်ခန့် ပုံပြုလုပ်ပေးရင် လက်သည်း၊ ခြေသည်းတွေ ကျိုးလွယ်ခြင်းမှ ကာကွယ်ပေးပြီး သဘာဝအတိုင်း ပန်းရောင်သမ်းပြီး တောက်ပြောင်လာစေမှာပါ။

**Daisy**

## မျက်ဝန်းတစ်ဝိုက် ညိုမည်းခြင်းနှင့် ဖောင်းအစ်ခြင်းကို သက်သာစေမယ့် လက်ဖက်ခြောက်အိတ်

ညဉ့်နက်သည်အထိ ဖုန်းကြည့်ခြင်း၊ အိပ်ရေးပျက်ခြင်း (သို့မဟုတ်) ပင်ပန်းနွမ်းနယ်ခြင်းတွေကြောင့် မျက်လုံးအောက် မျက်ကွင်းညိုပြီး ဖောင်းအစ်ခြင်း ဝေဒနာကို လူအတော်များများ ခံစားရလေ့ရှိပါတယ်။ သုံးပြီးသား လက်ဖက်စိမ်း(Green Tea)(သို့မဟုတ်) ရိုးရိုးလက်ဖက်ခြောက်အိတ်မှာ ပါဝင်တဲ့ ကဖင်း (Caffeine) ဓာတ်နဲ့ အင်တီအောက်ဆီးဒင့်တွေဟာ မျက်ဝန်းတစ်ဝိုက်က သွေးကြောတွေကို ကျုံ့စေပြီး ဖောင်းအစ်ခြင်းနဲ့ မျက်ကွင်းညိုခြင်းကို မြန်မြန်ဆန်ဆန် လျော့ကျစေနိုင်စွမ်းရှိပါတယ်။ အသုံးပြုပုံကတော့ သုံးပြီးသား လက်ဖက်ခြောက်အိတ် နှစ်အိတ်ကို ရေခဲသေတ္တာထဲတွင် ၁၅ မိနစ်ခန့် အအေးခံထားပြီးရင် မျက်လုံးမှိတ်ပြီး မျက်ခွံပေါ်မှာ ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် တင်ထားပေးရပါမယ်။ ဒီနည်းလမ်းကို ပုံမှန်လုပ်ဆောင်ပေးခြင်းဖြင့် မျက်ဝန်းတစ်ဝိုက် သွေးလည်ပတ်မှု ကောင်းမွန်စေပြီး မျက်လုံးတစ်ဝိုက် အသားအရေကို စိုပြည်လန်းဆန်းစေမှာ ဖြစ်ပါတယ်။

**Daisy**



## ခြေဖနောင့်ကွဲခြင်းကို ပျောက်ကင်းစေမယ့် ဒိန်ချဉ်နဲ့ ပေါင်းတင်နည်း

ခြေဖနောင့်တွေ ကြမ်းတမ်းပြီး ကွဲအက်ခြင်းဟာ လမ်းလျှောက်တဲ့အခါ နာကျင်စေရုံတင်မကဘဲ ဖိနပ်အလှတွေ စီးတဲ့အခါမှာလည်း ကြည့်ရဆိုးစေပါတယ်။ ဒိန်ချဉ် (သို့မဟုတ်) နို့ခဲမှာ ပါဝင်တဲ့ လက်တစ်အက်စစ် (Lactic Acid)က ခြေဖနောင့်က အရေပြားအထပ်ထပ် မာကြောနေတဲ့ ဆဲလ်သေတွေကို နူးညံ့ပျော့ပျောင်းပြီး အလိုအလျောက် ကွာကျလွယ်စေပါတယ်။ ပြုလုပ်ရမယ့်နည်းလမ်းမှာ ညအိပ်ခါနီးတွင် ရိုးရိုးဒိန်ချဉ်ကို ခြေဖနောင့်မှာ ထူထူလိမ်းပြီး ၁၅ မိနစ်ခန့်ထားကာ ရေဆေးချပါ။ ပြီးရင် အရေပြား ခြောက်သွေ့မသွားစေဖို့ အစိုဓာတ်ထိန်းလိုးရှင်း (သို့မဟုတ်) Vaseline ၊ အလှဆီတစ်မျိုးမျိုးကို ထူထူလိမ်းပြီး ခြေအိတ်စွပ်ပြီးမှ အိပ်စက်ပါ။ ရက်အနည်းငယ်အတွင်း ခြေဖနောင့်သားလေးများ နူးညံ့အိစက်လာပါလိမ့်မယ်။ **Daisy**






## 2026 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Taylor Fritz တက်ရောက်



**မြူးနစ် ဇွန် ၂၁**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Terra Wortmann Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz သည် 2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev ကို ၆-၇၊ ၆-၄၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 Istanbul Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz နှင့် တစ်နိုင်ငံတည်းနေသူတင်းနစ်ကစားသမား Frances Tiafoe တို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(ဓဝံ)

(NGB)

*-*-*-*-*-*-*

## ပီရီရိုမြို့ ဘာစီလိုနာအမျိုးသမီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် ဇွန် ၂၁**

ဘာစီလိုနာအမျိုးသမီးအသင်းသည် အသင်းနည်းပြ ပီရီရိုမြို့ကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘာစီလိုနာအမျိုးသမီးအသင်းကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၉၉ပွဲတွင်၊ ၉၁ပွဲနိုင်၊ ၃ပွဲသရေ၊ ၅ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး ဆုဖလားများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ် အရွယ်ရှိ နည်းပြ ပီရီရိုမြို့က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ဒီအသင်းနဲ့အတူ နောက်ထပ်လည်း အောင်မြင်မှု ဆုဖလားများစွာ ရယူသွားဦးမှာပါ" ဟု ပြောသည်။

(အပေါ်ပုံ) (NGB)



## ဂျာမနီအသင်းက အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၂၁**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (E)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်း ကမ္ဘာ့အဆင့် (၁၀)ရှိ ဂျာမနီအသင်းနှင့် ကမ္ဘာ့အဆင့် (၃၃)ရှိ အိုင်ဗရီကို့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၆၈မိနစ်နှင့် (၉၀+၄)မိနစ်တွင် ဒင်းနစ်ဖ်အန်ဒါ့ဗ်က သွင်းယူပေးခဲ့ကြသည်။

ဂျာမနီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (E)တတိယ ပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၆ရက်တွင် အီကွေဒေါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## နစ်ခ်ပုပ်ကို ခေါ်ယူရန် အစ်ဆွစ်ချ်အသင်းနှင့် ဟားလ်စီးတီးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဇွန် ၂၁**

ပရီးမီးယားလိဂ်တန်းတက်ကလပ် အစ်ဆွစ်ချ်အသင်းနှင့် ဟားလ်စီးတီးအသင်းတို့သည် နယူးကာဆယ်အသင်း ဂိုးသမား နစ်ခ်ပုပ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမားသည် နယူးကာဆယ်



အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၁ပွဲကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်တန်းတက်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

နယူးကာဆယ်အသင်းကလည်း ဂိုးသမား နစ်ခ်ပုပ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အစ်ဆွစ်ချ်အသင်းနှင့် ဟားလ်စီးတီးအသင်းတို့အနေဖြင့် မည်သည့်အသင်းက နယူးကာဆယ်အသင်းမှ နစ်ခ်ပုပ်ကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## မီယာမက်ကောလေစ်ကို အက်စတွန်ဗီလာအမျိုးသမီးအသင်း ခေါ်ယူ



**လန်ဒန် ဇွန် ၂၁**

အက်စတွန်ဗီလာအမျိုးသမီးအသင်းသည် ရိန်းဂျားစ်အမျိုးသမီးအသင်း တိုက်စစ်မှူး မီယာမက်ကောလေစ်ကို ကာလရှည်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ရိန်းဂျားစ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၁ပွဲကစားကာ ၃၉ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၁၉)နှစ် အရွယ်ရှိ မီယာမက်ကောလေစ်က "ကျွန်မ အက်စတွန်ဗီလာအမျိုးသမီးအသင်းကို ရောက်ရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## ကော်စတင်ဟာ ဘရိုက်တန်အသင်းတွင် ကျောနံပါတ်(၂)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇွန် ၂၁**

နောက်ခံကစားသမားသစ် ကော်စတင်ဟာ ဘရိုက်တန်အသင်းတွင် ကျောနံပါတ်(၂) ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။




အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အိုလံပီယာကို့စ်အသင်းမှ ဘရိုက်တန်အသင်းသို့ ယူရို ၁၁ သန်းဖြင့် ၂၀၃၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ကော်စတင်ဟာသည် အိုလံပီယာကို့စ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၄ ပွဲ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ် အရွယ်ရှိ ကော်စတင်ဟာက "ကျွန်တော် ဘရိုက်တန်အသင်းမှာ ကျောနံပါတ်(၂)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ အိပ်မက်တွေလည်း ပြည့်စုံခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ) (NGB)

## အက်ဒ်ဆန်အယ်လ်ဗာရက်ဇ် မက္ကဆီကိုအသင်း ကစားသမားဘဝ ပြိုင်ပွဲပေါင်း ၁၀၀ ပြည့်မြောက်

**လန်ဒန် ဇွန် ၂၁**

မက္ကဆီကိုအသင်း ကွင်းလယ်ကစားသမား အက်ဒ်ဆန်အယ်လ်ဗာရက်ဇ် အသင်းကစားသမားဘဝ နိုင်ငံတကာပွဲပေါင်း ၁၀၀ပြည့်မြောက်သည့် မှတ်တမ်းတစ်ခုကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် မက္ကဆီကိုအသင်းက တောင်ကိုရီးယားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အက်ဒ်ဆန်အယ်လ်ဗာရက်ဇ်သည် မက္ကဆီကိုအသင်းနှင့်အတူ ၂၀၁၇ မှ ၂၀၂၆ ခုနှစ်အထိ ပွဲပေါင်း ၁၀၀ ကစားကာ ခုနစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ အက်ဒ်ဆန်အယ်လ်ဗာရက်ဇ်က "ကျွန်တော်အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ မက္ကဆီကိုအသင်းနဲ့အတူ ကမ္ဘာ့ဖလားချန်ပီယံဆုကြီး ဆွတ်ခူးနိုင်အောင်လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။




(ယာပုံ) (NGB)

## လစ်ဗရာမန်တို ခြေသလုံးဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်



**လန်ဒန် ဇွန် ၂၁**

အင်္ဂလန်အသင်း နောက်ခံကစားသမား လစ်ဗရာမန်တို ခြေသလုံးဒဏ်ရာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် အင်္ဂလန်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ခြေသလုံးဒဏ်ရာ ရရှိခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန်အသင်းသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည့် နောက်ခံကစားသမား လစ်ဗရာမန်တို၏ နေရာတွင် ချာလိုဘာကို အစားထိုးခေါ်ယူခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား လစ်ဗရာမန်တိုသည် အင်္ဂလန်အသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံတကာပွဲပေါင်းငါးပွဲထိ ကစားထားသည်။ (အပေါ်ပုံ) (NGB)

### ၂၀၂၆ ကမ္ဘာ့ဖလား (အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၂၂-၆-၂၀၂၆ ည၁၁:၃၀နာရီ | J | အာဂျင်တီးနား - ဩစတြီးယား |
| ၂၃-၆-၂၀၂၆ နံနက်၀၃:၃၀နာရီ | I | ပြင်သစ် - အီရတ် |
| ၂၃-၆-၂၀၂၆ နံနက်၀၆:၃၀နာရီ | I | နော်ဝေ - ဆီနီဂေါ |
| ၂၃-၆-၂၀၂၆ နံနက်၀၉:၃၀နာရီ | J | ဂျော်ဒန် - အယ်လ်ဂျီးရီးယား |

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ



**ဆီဆိုင် ဇွန် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့တွင် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ်နှင့် ဆိုးကျိုးများသိရှိစေရန်၊ ပန်းချီပညာကို စိတ်ပါဝင်စားပြီး တန်ဖိုးထားတတ်စေရန်၊ စိတ်ကူးစိတ်သန်းနှင့် ဖန်တီးမှုများ ဆန်းသစ်တီထွင်လာနိုင်စေရန်၊ ယှဉ်ပြိုင်ခြင်း အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ မြို့နယ်အဆင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူးရုံး ဒုတိယမြို့နယ်ပညာရေးမှူး ဦးနေလင်းက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာလှ၊ ဝိုင်းဝန်းကာကွယ်မူးယစ်ဆေးဝါးအန္တရာယ်၊ ရှောင်လေဝေးဝေး မူးယစ်ဆေး စသည့် ခေါင်းစဉ်များဖြင့် အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူ ၃၀ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေမှုအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အဖွဲ့ဝင် ဦးတင်မိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် အခမ်းအနားဖြင့် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**



## မန္တလေးမြို့တွင် ကျောက်မျက်ရတနာပညာရပ်များကို အခမဲ့သင်ကြားပေးသည့် သင်တန်းဖွင့်လှစ်

**မန္တလေး ဇွန် ၂၁**

ဘစိုးဥ မြန်မာမှုအနုပညာရတနာမိသားစုက ဖွင့်လှစ်သင်ကြားပေးသည့် တတိယအကြိမ်မြောက် ကျောက်မျက်ရတနာပညာဒါနသင်တန်းကို ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ Perfect Hotel Mandalay ၌ ကျင်းပလျက်ရှိရာ သင်တန်းသား ၁၅၀ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

အဆိုပါ သင်တန်းကို ကျောက်မျက်ရတနာလုပ်ငန်းလုပ်ကိုင်လိုသူများ၊ စီးပွားရေးအတတ်ပညာ လေ့လာသင်ယူလိုသူများနှင့် ကျောက်မျက်ရတနာဆိုင်ရာ ဗဟုသုတများ ရရှိလိုသူများအတွက် အခမဲ့ပညာဒါနအဖြစ် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းတက်ရောက်ရန် စာရင်းပေးသွင်းသူ ၇၀၀ ကျော် ရှိခဲ့သည်။

သို့ရာတွင် သင်တန်းနေရာ အခက်အခဲကြောင့် သင်တန်းသား ၁၅၀ ဦးကိုသာ ရွေးချယ်လက်ခံသင်ကြားပေးခဲ့ပြီး ကျန်ရှိသူများအတွက်လည်း အနာဂတ်တွင် ထပ်မံဖွင့်လှစ်မည့် ကျောက်မျက်ရတနာပညာဒါနသင်တန်းများ၌ တက်ရောက်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်သည်။

သင်တန်းတွင် ကျောက်မျက်ရတနာ အတု၊ အစစ် ခွဲခြားနည်း၊ ဈေးနှုန်းသတ်မှတ်နည်း၊ ကျောက်မျက်ရတနာများ၏ အသုံးဝင်ပုံများ၊ နဝရတ်ကိုးပါးဆိုင်ရာ သိကောင်းစရာများ၊ကျောက်မျက်ရတနာများ ဝတ်ဆင်နည်းနှင့် ဆောင်ရန်၊ရှောင်ရန်များ၊အရောင်းအဝယ်နှင့် ဆက်ဆံရေးအတတ်ပညာများကို စနစ်တကျ သင်ကြားပို့ချပေးလျက်ရှိသည်။

သင်တန်းအား ကျောက်မျက်ရတနာလုပ်ငန်းအတွေ့အကြုံ ၂၅ နှစ်ကျော်ရှိသော ဒေါက်တာလှဝင်းအောင်(ခ)ဘစိုးဥက ဦးဆောင်သင်ကြားပေးလျက်ရှိပြီး သင်ရိုးညွှန်းတမ်း၊ စာရေးကိရိယာများနှင့် အာဟာရဒါနများကိုလည်း အခမဲ့စီစဉ်ပေးထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## တိုးတက်မယ့် မနက်နေရောင်ခြည် ဖြာထွန်းရင် ခရီးသွားဆောင်းပါးများ စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၆၀နှင့် ၆၂လမ်းကြား၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ လှထွေတိုက်၊ ဘာဝနာဂုဏ်ရည် တေဇာလင်းမွေ့ရိပ်သာ၌ စာရေး ဆရာ မြတ်သာထွန်း (ရွှေစံပြ)၏ တတိယမြောက် (ဆောင်းပါး၊ ရသအက်ဆေး)ဖြစ်သော တိုးတက်မယ့် မနက်နေရောင်ခြည် ဖြာထွန်းရင်နှင့် ခရီးသွားဆောင်းပါးများ စာအုပ်မိတ်ဆက်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ရဟန်းစာဆိုတက္ကသိုလ်တေဇာလင်းက အဖွင့်အမှာစကားမိန့်ကြားပြီး အမျိုးသားစာပေဆုရရှိသူများဖြစ်ကြသော စာရေးဆရာမ ယဉ်ယဉ်နု(မန္တလေး)နှင့် စာရေးဆရာကြည်မင်းဝေ (ဆင်ကျွန်း)နှင့် ထွန်းဖောင်ဒေးရှင်း စာပေဆုရစာရေးဆရာဗိုလ်ရှိတ် (ရတနာပူရ)တို့က မှဒိတာစကားပြောကြားကြသည်။

ထို့နောက် စာရေးဆရာ မြတ်သာထွန်း(ရွှေစံပြ)က စာအုပ်မိတ်ဆက်ပွဲ ကျင်းပရခြင်းနှင့် တိုးတက်မယ့် မနက်နေရောင်ခြည် ဖြာထွန်းရင် အပါအဝင် ဆောင်းပါး ၁၃ ပုဒ် ရေးသား၍ စာအုပ်ထုတ်ဝေရခြင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော စာရေးဆရာ၊ စာရေးဆရာမများအား စာအုပ်လက်ဆောင်ပေးအပ်ပြီး နံနက်စာကြက်ဆီထမင်း၊ အချိုပွဲတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ **(အပေါ်ယာပုံ) (ဝ၅၃)**



**ရေနုတ်မြောင်းများ**
**ရေစီးရေလာ**
**ကောင်းမွန်ဖို့**
**မြောင်းအတွင်း**
**စည်းကမ်းမဲ့**
**အမှိုက်မပစ်ရ။**

## တံတားဦးခရိုင်တွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး GIS သင်တန်းဆင်းပွဲ ကျင်းပ

**တံတားဦး ဇွန် ၂၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး GIS သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက သင်တန်းသား၊ သင်တန်းသူများက သင်ကြားပို့ချခဲ့သော အကြောင်းအရာများကို လက်တွေ့အသုံးချပြီး မိမိတို့၏စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် တိုးတက်အောင် လေ့လာသင်ယူကြရန်နှင့် ဘာသာရပ်များကို မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး ကြိုးစားသင်ယူကြရန် ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး GIS သင်တန်းသို့ တံတားဦးခရိုင်နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ရှစ်ဦးတက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက GIS သင်တန်းနှင့် ပတ်သက်သည့် ဘာသာရပ်များကို ဇွန် ၁၅ ရက်မှ ဇွန် ၁၉ ရက်အထိ ငါးရက်ကြာ စာတွေ့၊လက်တွေ့ အခမဲ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) အောင်ရဲကျော်**

## မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး၊ လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြသ

**မောက်မယ် ဇွန် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဈေးရောင်းသူ၊ ဝယ်သူများအား မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးရေးနှင့် မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားပါက လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြသခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ မြို့မဈေးရှေ့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပါဝင်ဆောင်ရွက်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားလာပါက အရေးပေါ် မီးငြိမ်းသတ်နိုင်ရန်အတွက် DCP မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များ၊ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များနှင့် နည်းပညာများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့မဈေးဝင်းအတွင်း၌ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဈေးရောင်းသူ၊ဝယ်သူများအား လိုက်နာဆောင်ရွက်ရမည့် အချက်အလက်ပုံစံများကို မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်

**မြို့သစ် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအတွက် တစ်ပိုင်တစ်နိုင် မှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးညဏ်မြင့်ဦးက တောင်သူများအနေဖြင့် ဝင်ငွေတိုးပွားစေရေးအတွက် မြေဧရိယာကျဉ်းကျဉ်းတွင် ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်၍ တစ်ပိုင်တစ်နိုင် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ကြစေရေးအတွက် နည်းပညာပေးသင်တန်းပို့ချခဲ့ပြီး တက်ရောက်လာသည့် မြေပြင်သာကျေးရွာ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့်ဒေသတွင်း တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းအိဇွန်(ပြန်/ဆက်)**

# မြန်မာ့ပျားရည် ပြည်ပတင်ပို့မှုမြင့်တက် တရုတ်ဈေးကွက်တွင် ဝယ်လိုအားကောင်းနေ

**မန္တလေး ဇွန် ၂၁**

မြန်မာနိုင်ငံတွင် ထွက်ရှိသည့် ဆေးဖက်ဝင် ဆီးပျားရည်အပါအဝင် ပန်းပေါင်းစုံပျားရည်များကို နိုင်ငံတကာဈေးကွက်သို့ တိုးမြှင့်တင်ပို့လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပျားရည် ၉၈၆ ဒသမ ၂၃ တန် တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၇၉ သန်း ရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

မြန်မာနိုင်ငံ၌ ပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ပြည်ပဈေးကွက်သို့ ပထမဆုံး စတင်တင်ပို့နိုင်ခဲ့ကြောင်း၊ လက်ရှိတွင် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍပေါင်းစပ်၍ ပျားအုံအင်အား နှစ်သိန်းခွဲနီးပါးရှိလာကာ ပန်းဝတ်ရည်ပေါများသည့် ဒေသများသို့ ရာသီအလိုက် ရွှေ့ပြောင်းမွေးမြူသည့် စနစ်ဖြင့် ထုတ်လုပ်မှုမြှင့်တင်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ဆီးပျားရည်၊ နေကြာပျားရည်၊ နှမ်းပျားရည်၊ လိုက်ချီးပျားရည်၊ သရက်ပျားရည်၊ မုန်လာဥပျားရည်နှင့် ပန်းပေါင်းစုံပျားရည်များကို အဓိကထုတ်လုပ်လျက်ရှိပြီး ယင်းတို့အနက် ဆီးပျားရည်နှင့် မုန်လာဥပျားရည်တို့မှာ ဈေးကွက်အတွင်း တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ရပ်တည်နေသည်။

အထူးသဖြင့် ကချင်ပြည်နယ်၊ ပူတာအိုဒေသမှ ထွက်ရှိသည့် ခါကာဘိုရာဇီ ကျောက်ကမ်းပါးပျားရည်မှာ ရှားပါးဆေးဖက်ဝင်ပျားရည်အဖြစ် လူသိများပြီး ပြည်တွင်း၊ ပြည်ပ ဝယ်လက်များ၏ စိတ်ဝင်စားမှုကို ရရှိနေသည်။



မြန်မာ့ပျားရည်သည် သဘာဝအတိုင်း ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ဖြစ်ပြီး ဓာတုဆေးဝါးနှင့် ပိုးသတ်ဆေးကင်းစင်မှုကြောင့် ပြည်ပဈေးကွက်တွင် ယုံကြည်မှုရရှိထားကြောင်း၊ ထုတ်လုပ်သည့် ပျားရည်စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံများမှာ အဓိကဝယ်ယူတင်သွင်းသည့် ဈေးကွက်များဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပျားရည်အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သော်လည်း မြန်မာ့ပျားရည်၏ သဘာဝဆန်မှု၊ အရည်အသွေးကောင်းမွန်မှုနှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုတို့ကြောင့် ဆက်လက်ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ တရုတ်ရိုးရာဆေးပညာတွင် ပျားရည်ကို အားဖြည့်ဆေးအဖြစ် အသုံးပြုလေ့ရှိပြီး ဆီးပျားရည်ကို သွေးအားဖြည့်ခြင်း၊ နှလုံးအားကောင်းစေခြင်းနှင့် အိပ်စက်မှုကောင်းမွန်စေခြင်းတို့အတွက် တန်ဖိုးထားသုံးစွဲကြသည်။

မြန်မာနိုင်ငံ ပျားလုပ်ငန်းအသင်းနှင့် သက်ဆိုင်ရာ ဌာနများက အရည်အသွေးမြင့် ပျားမျိုးများ ဖြန့်ဖြူးပေးခြင်း၊ ပျားမွေးမြူရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ဓာတ်မီထုပ်ပိုးမှုစနစ်များ မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတကာဈေးကွက်၌ သဘာဝအော်ဂဲနစ် ထုတ်ကုန်များအပေါ် ဝယ်လိုအားမြင့်တက်လာနေသဖြင့် မြန်မာ့ပျားမွေးမြူရေးကဏ္ဍ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ရှိနေကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၈)**



## မြို့သစ်မြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသပေး

**မြို့သစ် ဇွန် ၂၁**

ကျန်းမာရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအတွင်း ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့်ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသစရိတ် လျှော့နည်းစေရေးအတွက် သင်ကြားရေးဆေးရုံကြီး (မကွေးမြို့)မှ ဆေးရုံအုပ်ကြီး ဦးဆောင်သည့် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများပါဝင်သော ဆေးကုသမှုအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အခမဲ့ကွင်းဆင်း စမ်းသပ်ကုသဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ အခမဲ့ကွင်းဆင်းကုသဆောင်ရွက်ရာတွင် မြို့သစ်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ လာရောက်ပြသသည့် ကိုယ်ဝန်ဆောင်နှင့်သားဖွားလူနာများ၊ ခွဲစိတ်လူနာများ၊ ကလေးလူနာများ၊ မျက်စိလူနာများ၊ အရိုးအကြောလူနာများ၊ ဆီးနှင့်ကျောက်ကပ်လူနာများ၊ သွားနှင့်ခံတွင်းလူနာများ၊ အထွေထွေရောဂါလူနာများ စုစုပေါင်း လာရောက်ပြသသူ ၈၃၀ ဦးရှိပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ စမ်းသပ်စစ်ဆေးပေးခြင်း၊ ဆေးဝါးများပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း ဆောင်ရွက်၍ ခွဲစိတ်ကုသရန် လိုအပ်သောလူနာများအား သင်ကြားရေးဆေးရုံကြီး (မကွေးမြို့)၌ ဆက်လက်ဆေးကုသမှုခံယူနိုင်ရေး စနစ်တကျလွှဲပြောင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝင်းအိဇွန်(ပြန်/ဆက်)**



## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကသာ ဇွန် ၂၁**

ကသာမြို့ ပြန်လည်တည်ထောင်ရေးလုပ်ငန်းစတင်သည့် ကာလ၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မိုးရာသီ ဌာနဆိုင်ရာများ စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၀ ရက် နံနက် ၇ နာရီခွဲက တန်ဖိုးနည်း ဝန်ထမ်းအိမ်ရာအနီးတွင် ကျင်းပခဲ့ကြသည်။

"သဘာဝပတ်ဝန်းကျင် သစ်ပင်၊ သစ်တောတွေ၊ ရေ၊ မြေ သဘာဝတောတွေ၊ လူပယောဂတွေကြောင့် ရေထုကိုစုပ်ယူထိန်းသိမ်းနိုင်သော သစ်ပင်တွေနေရာအနှံ့ ပျက်စီးလျော့နည်းခြင်း ဖြစ်ပေါ်လျက်ရှိပါတယ်။ မြို့နယ်၊ ကျေးရွာအလိုက် သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးလာတာကြောင့် အပူချိန်နေ့၊ ည သိသိသာသာမြင့်တက်လာပါတယ်။ မြို့နယ်တိုင်း သစ်ပင်စိုက်ကြသော်လည်း ပြန်လည်ထိန်းသိမ်းသူမရှိတာကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုအပေါ် သက်ရောက်မှုကျဆင်းလာစေတယ်။ နောက်တစ်ခုက တရားမဝင် ချိန်းစောတွေ သစ်ခွဲလိုင်းတွေ ဈေးဆိုင်တွေမှာ တင်ရောင်းနေတာတွေ အရေးယူတာမရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်ဂေဟာတွေ ပိုမိုပျက်စီးလာတယ်။ ယခုလို နေရပ်ရှောင်ပြန်ရောက်လာကြတဲ့ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးကြတာ မြင်ရတော့ အရမ်းဝမ်းသာမိပါတယ်"ဟု ဝန်ထမ်းတစ်ဦးက ပြောသည်။

ကသာမြို့နယ် သစ်တောဦးစီးဌာနတွင် စိုက်ပျိုးထားရှိသော ကျွန်း အပင် ၁၀၀ ၊ မဟော်ဂနီ အပင် ၅၀၊ ကံ့ကော် အပင် ၁၀၀၊ ခရေ အပင် ၂၀၀၊ ပျဉ်းကတိုး အပင် ၅၀၊ စုစုပေါင်း အပင် ၅၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၅၇)**

## သဘာဝဘေးစီမံခန့်ခွဲမှုအခြေခံသင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး ဇွန် ၂၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော သဘာဝဘေးစီမံခန့်ခွဲမှု အခြေခံသင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက်က မန္တလေးမြို့ရှိ Win Unity Hotel ခန်းမတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကြက်ခြေနီစေတနာလုပ်အားရှင် ၃၀ ဦးတို့ ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာများ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၄၅)**

# ခေါင်းလောင်းသံသာ လွှင့်ပျံ့လာပြီ

မန်းမြေမှ ပန်းသပြေ

တိုင်းနိုင်ငံမြို့ပြ ရပ်ကျေးမှစ၍ ရှိရှိသမျှသော စာသင်ကျောင်းတံခါးများ ပိတ်ထားရာမှ ဖွင့်ကြလေပြီ။ ဖြူစိမ်းရောင်လွှမ်း အလှပန်းတို့ လန်းဆန်းဝေဆာ လှုပ်ရှားလာကြချေပြီ။ ငြိမ့်ညောင်းသာယာ ကျောင်းတက်ခေါင်းလောင်းသံသာ ညံစာစာသည်လည်း စာသင်ခန်းမှသည် ကောင်းကင်ဝဠာ ထက်အာကာဆီသို့ လွှင့်ပျံ့တက်ကြွ မြူးထ၍လာပေပြီ။ ဩော်··ယခုနှစ်တွင်လည်း နှစ်စဉ်မပျက် ဇွန်လ ၁ ရက်သည် နှစ်သက်စရာ မင်္ဂလာမို့ ကျောင်းတော်မဟာ စည်ကားကာဖြင့် ကျောင်းနေပျော်ရွှင် သစ်လွင်မောင်မယ် မျိုးဆက်ငယ်တို့ ပညာခွန်အား အလေးထားကာ သင်ကြားဆည်းပူးရန် သက်ဝင်လှုပ်ရှားလာကြပေပြီ။ ကျောင်းတော်မဟာ ကွန်းရိပ်သာမှ သံလွင်ချိုမြ တီးခတ်ကြသည့် ကျောင်းတက်သည့်ဟန် ရွှေခေါင်းလောင်းသံသည် ကျက်သရေ အပေါင်းခဝပ်ညောင်းကာ မင်္ဂလာသတင်း ဖြန့်ဝေလျှဉ်းသည့် 'ဝိဇယုတ္တရ' ခရုသင်းသံပင် ဖြစ်ပေတော့သည်။

ယနေ့ခေတ်သည် ပညာခေတ် ဖြစ်သည်။ ပညာရေးသည် လူသားလောက လူ့အဖွဲ့အစည်းတစ်ခု ရှင်သန်ရပ်တည်နိုင်မှုအတွက် အဓိကကျသော အသက်ဝိညာဉ်ဖြစ်သည်။ တိုင်းပြည်နိုင်ငံတွင် ပညာတတ်များ ပေါများရန်မှာ လူတိုင်းစာပေတတ်မြောက်ဖို့ အထူးပင် လိုအပ်ပေသည်။ စာပေပညာသည် အထွေထွေပညာ ရင့်သန်တိုးတက်ရန်အတွက် လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်သော ကိရိယာတစ်ခုဖြစ်သည်။ ပညာဉာဏ်သည် အရာရာစဉ်းစားချင့်ချိန်၍ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော စွမ်းရည်ရှိသည့် ဘဝအဖော်မွန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စု၊ လူသားတစ်ဦး ဖွံ့ဖြိုးတိုးတက်လာအောင် စာပေနှင့်ဗဟုသုတတို့ကသာ လမ်းကောင်းညွှန်ပြပေးနိုင်သည် မဟုတ်ပါလား။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံတကာရေးစသည့် ဗဟုသုတဆိုသည်များသည်လည်း လူသားကမ္ဘာဖြစ်ပျက်သမျှ အရာရာကို သိရှိနားလည်ကြ၍ လိမ္မာပါးနပ်စွာ အသုံးချတတ်အောင် အရေးပါသော အခန်းကဏ္ဍက ပါဝင်ပေသည်။ ထို့ကြောင့် အသိပညာဖွံ့ဖြိုး တိုးတက်ရန် ဗဟုသုတများစွာ လိုအပ်ပေသည်။ သို့မှသာ အသိအလိမ္မာ၊ စာပညာနှင့် ရိုးရာယဉ်ကျေးမှုတို့ အတူလက်တွဲပူးပေါင်းကာ နောင်လာမည့် အနာဂတ်လူ့ဘောင်သစ်ကို ကောင်းစွာ ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထိုစာပေပညာ၊ အသိအလိမ္မာ၊ ရိုးရာယဉ်ကျေးမှု၊ လူမှုအတတ်ပညာများသည် စာသင်ခန်းမှ ပေါက်ဖွားလာသော အရာများသာ ဖြစ်သည်။

ဆိုရပါမူ စာပေပညာရပ်သည် ယနေ့ကမ္ဘာတွင်ရှိ တိုင်းနိုင်ငံအသီးသီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ စာတတ်မြောက်ရေး ဆောင်ပုဒ်တစ်ခု၏ အဆိုပြုချက်မှာ ( Literacy, key to good Health and wellbeing ) 'စာတတ်မြောက်ခြင်းသည် ကျန်းမာခြင်းနှင့် ဘဝသာယာချမ်းမြေ့ခြင်းတို့အတွက် သော့ချက်ဖြစ်သည်'ဟု ဆိုပါသည်။ ၁၉၆၆ ခုနှစ် ယူနက်စကိုတွင် ကျင်းပသော အထွေထွေညီလာခံကြီးမှ နှစ်စဉ် စက်တင်ဘာလ ၈ ရက်ကို ( International Literacy Day ) 'နိုင်ငံတကာ စာတတ်မြောက်ရေးနေ့'အဖြစ် သတ်မှတ်အတည်ပြုခဲ့သည်။

မြန်မာနိုင်ငံအနေနှင့်လည်း စာမတတ်သူပပျောက်ရေးနှင့် စာတတ်မြောက်မှုနှုန်းထားမြင့်မားစေရေးကို ဦးစားပေး၍ နိုင်ငံတော်နှင့် ပြည်သူအချိုးညီလက်တွဲဖော်ဆောင်ခဲ့ကြသည်။ ယနေ့နိုင်ငံတော်ကြီးသည် ပြည်သူလူထုတို့၏ ညီညွတ်သော ဆန္ဒသဘောထားနှင့်အညီ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်နေပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အရေးအကြီးဆုံးဖြစ်သည့် အရည်အချင်းပြည့်ဝမြင့်မားသော ပညာတတ်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ပညာရေးကဏ္ဍမြင့်မားလာရေး ဆောင်ရွက်နေပြီ ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ယှဉ်တွဲကာ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းဆရာ၊ ဆရာမများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများ၏ ညီညွတ်မှုစွမ်းအားကို ရယူလျက် ကျန်းမာကြံ့ခိုင်၍ စာရိတ္တကောင်းမွန်သည့် ပညာတတ်လူငယ်များ ပေါများသော နိုင်ငံတော်ဖြစ်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပေသည်။ ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော ကမ္ဘာလောကကြီးကို ကြီးစိုးအုပ်မိုးလာသော နည်းပညာသစ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် မိမိတို့၏စာပေပညာ ရိုးရာယဉ်ကျေးမှု၊ စက်မှုလက်မှု အတတ်ပညာအစုစုကို စည်းကမ်းစနစ်တကျ သင်ကြားပို့ချခြင်းဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်ကို မြင့်မားလာအောင် ဆောင်ရွက်ကြရမည် ဖြစ်သည်။ 'အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက'ဟု ဆိုသည့်စကားအရ စာပေပညာသင်ကြားပို့ချရာ စာသင်ကျောင်းများသည် အထူးအရေးပါလှပေသည်။ ပညာပြည့်ဝ နှလုံးလှသည့် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးသည့် စာသင်ကျောင်းများ ဖွင့်လှစ်ခြင်းသည် မင်္ဂလာရှိစွာ လှပနေသည်ဟု ဆိုရခြင်းပါ။

'အမျိုးသားပညာရည်မြင့်မားရေး'ကို ဦးတည်လျက် ကျောင်းနေအရွယ် ကလေးသူငယ်များအတွက် အခြေခံပညာသင်ယူမှု အခွင့်အလမ်းများ ရရှိစေရန်အတွက် ကျောင်းသစ်များ ဖွင့်လှစ်ပေးခြင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်ရှိရေး၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ဆရာ၊ ဆရာမများ ပိုမိုခန့်ထားပေးခြင်း၊ ကျောင်းပြင်ပပညာရေးစနစ် စီစဉ်ပေးခြင်း၊ ကျောင်းအချိန်ဇယား ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကျောင်းထွက်နှုန်းထား လျော့နည်းရလေအောင် နိုင်ငံတော်က အထူးကြိုးစားဆောင်ရွက်နေသည့်ကာလ ဖြစ်သည်။ ထို့ပြင် မိသားစုအိမ်တွင်းရေးနှင့် အခြားအရေးကိစ္စအမျိုးမျိုးတို့ကြောင့် ကျောင်းလုံးဝမနေဖူးသော အရွယ်လွန်ကလေးသူငယ်များ ကျောင်းနေနိုင်ရေး၊ အခြေခံပညာမပြီးဆုံးသေးဘဲ ကျောင်းထွက်စောခဲ့ကြသည့်သူများ အခြေခံမူလတန်းပညာသင်ကြားနိုင်ရေး၊ အသက်အရွယ်ကြီးမား လူကြီးများ စာပေတတ်မြောက်ကာ စာမတတ်သူပပျောက်ရေး စသည်များကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်တွင် အမျိုးသားပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာမှ အရေးပါလှပေသည်။ ပညာရေးလောကသစ် တည်ဆောက်ရာ၌ ယုံကြည်ချက်မှန်ကန်၍ ခံယူချက်ပြည့်ဝကာ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်သော သင်ကြားပို့ချမည့် ဘာသာရပ်ပိုင်နိုင်သည့် ဆရာ၊ ဆရာမကောင်းများ စာသင်ခန်းအတွင်းသို့ အစီအရီရောက်ရှိနေကြပေပြီ။ ဆရာ၊ ဆရာမတို့၏ စာပေပညာသင်ကြားမှု စွမ်းဆောင်ချက်အခန်းကဏ္ဍကောင်းမွန်မှုကြောင့် ပညာသင်ကြား ကလေးသူငယ်များ၏ဘဝ သာယာလှပလာပေတော့မည်။ ထို့ကြောင့် Willian "The teachers of the country, one may say, have it future in their hands. 'တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည် ဆရာများ၏ လက်ဝယ်တွင်ရှိသည်'ဟု ဆိုခဲ့ပေသည်။ ထိုစကားသည် 'တစ်ခွက်ဆီမီး ထိန်ထိန်ညီးက ဆီမီးတစ်ရာ ထွန်းညှိပါ' ဆိုသော စကားနှင့်လည်း ကိုက်ညီပေသည်။ စာသင်ကျောင်းများရှိ ဆရာ၊ ဆရာမများသည် နောင်အနာဂတ်တွင် နိုင်ငံတော်၏ အကျိုးကို ဆောင်ရွက်ကြမည့် နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးရေးတာဝန်ကို မိဘများထက် သုံးပုံ နှစ်ပုံ တာဝန်ယူထားရသူများ ဖြစ်သည်။ စာသင်ခန်းအတွင်းမှ ဆရာ၊ ဆရာမများသည် ကျောင်းသားသူငယ်များကို စာပေပညာသာ သင်ကြားပေးသည်မဟုတ်၊ အတွေးအခေါ် အမြော်အမြင်မှန်ကန်အောင်၊ အကောင်းအဆိုး ခွဲခြားတတ်အောင်၊ ပြဿနာအရပ်ရပ် ဖြေရှင်းတတ်အောင်၊ အသိအလိမ္မာ၊ ရည်ရွယ်ချက်နှင့်စေတနာတို့ ကောင်းမွန်စေဖို့အပြင် ကိုယ်ကျင့်သီလ မပျက်ပြားရလေအောင် ပန္နက်ချပေးသည့် အကြီးမားဆုံးသော ဗိသုကာကြီးများဟု ဆိုရပေမည်။ ထိုသို့ ပြုပြင်ထိန်းကျောင်းပေးသည့် ဆရာများထံ ကျောင်းအပ်နှံ၍ စာပေပညာသင်ကြားစေခြင်းသည် ကောင်းမြတ်ဝေဖြာ မင်္ဂလာမို့ လျင်မြန်စွာ ကျောင်းအပ်သင့်လှပေသည်။

မိဘများဘက်ကလည်း မိမိရင်သွေးထွန်းတောက်စေရေး၊ ပညာပြည့်ဝ နှလုံးလှလာကြမည့် မိမိသားသမီးများကိုအကြောင်းပြု၍ အနာဂတ်ကာလ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေခံကောင်းများ ပိုမိုမြင့်မားခိုင်မာလာစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေးတို့ကို ကျောင်းနေအရွယ် ကလေးငယ်များ ကျောင်းအပ်နှံပေးပို့ခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်ပေးရမည် ဖြစ်ပေသည်။ ကျောင်းသားအရွယ် ကလေးငယ်များသည်လည်း စာပေပညာ လိုလားတောင့်တစွာ သင်ကြားကြရမည် ဖြစ်သည်။ သို့မှသာ မိမိအတွက်နှင့် တိုင်းပြည်အတွက် အဘက်ဘက်မှ ကျရာတာဝန် ထမ်းဆောင်နိုင်ပေမည်။ ကျောင်းသားများသည် နောင်လာမျိုးဆက် ဂုဏ်မပျက်စေရေး အစဉ်တွေးရမည်။ ယခုအခါ ထိုသို့ အတွေးစိတ်ဓာတ်မွန်မြတ်ကြသဖြင့် ကျောင်းသားသူငယ်များသည် စာပေပညာပို့ချရာ ကျောင်းစာသင်ခန်းအတွင်း ပညာလိုလားသော စိတ်ဓာတ်များဖြင့် ပျော်ရွှင်မြူးတူးစွာ လာရောက်ကြသည်။ စိတ်တူကိုယ်တူ ညီညွတ်မှုကို ပြသသည့်အလား ညီညာမျှတ တစ်သွေးတစ်ရောင်တည်းကျအောင် ဖြူစိမ်းရောင်ခြယ်သလျက် ကျောင်းစာသင်ခန်းအတွင်း ကြော့ရှင်းလှပစွာ နေရာယူနေကြပါပြီ။

ထို့ကြောင့် ယခုအခါ စာသင်ခန်းဝင် ဆရာသခင် ပညာရှင်များသည် ကျောင်းနေအရွယ် ကလေးသူငယ်များကို အရိုင်းတုံးကို အလှဆင်တော်ဝင်သည့်ကျောက် အရာရောက်သလို၊ တန်ဖိုးအနဂ္ဃ ထိုက်တန်လာအောင်၊ နောင်လာမျိုးဆက် မျိုးဂုဏ်တက်အောင်၊ ပညာပြည့်ဝ နှလုံးလှအောင်၊ မြန်ပြည်အနာဂတ် သူတို့လက်အပ်နိုင်အောင် မိမိတတ်သိပညာအဖြာဖြာကို ကျောင်းတံခါးများဖွင့်ကာ စာပေပညာသင်ကြားပေးနေကြခြင်း ဆရာများ၏စေတနာ၊ ကျောင်းသားမိဘများကလည်း မိမိရင်သွေး ကောင်းစားရေးနှင့် နောင်သောအခါ နိုင်ငံ့တာဝန်များကို ပခုံးပြောင်းကာ ထမ်းဆောင်နိုင်ရေး ရည်မျှော်တွေးလျက် ကျောင်းပညာသင်ကြားရေးကို ဦးစားပေးကာ စာသင်ကျောင်းများသို့ အပ်နှံပေးခြင်း မိဘများ၏မေတ္တာ၊ ကျောင်းသားလူငယ်များသည်လည်း လောကအလယ် ပညာကြွယ်၍ နောင်အနာဂတ်တွင် မိမိတို့တတ်သိသော စာပေပညာ၊ အသိပညာ၊ အတတ်ပညာအစွမ်းတို့ဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ကြစေရန်ဆိုသော သစ္စာတရားတို့ လက်ကိုင်ထားကာ စာပေပညာသင်ကြားပို့ချသည့် ပညာရင့်သီး ဆရာကြီးများထံ ခိုဝင်ချဉ်းကပ် သင်ကြားနေကြပေပြီ။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘတို့ သုံးခု မခွဲ ညီညာစွာ လက်တွဲနေကြပြီဟု ဆိုရပေမည်။ ထို့ပြင် အမိနိုင်ငံတော်ကပါ အစစအရာရာ ကူညီပံ့ပိုးနေပြီဖြစ်သဖြင့် နောင်လာတစ်ခေတ် မျိုးဆက်သစ်တို့ ပညာရေးအရင်းအမြစ်တို့ ကောင်းစားကြီးထွားလာပေတော့မည်။

အချုပ်ဆိုရသော် နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပညာရေးစနစ်ကျင့်သုံးနိုင်ရန် ကျောင်းသူ၊ ကျောင်းသားများ၏ လိုအပ်ချက်ကို အဘက်ဘက် ပြည့်စုံအောင် ဖြည့်စွက်ပံ့ပိုးနေသည်မို့ ဘက်ပေါင်းစုံဖြာညီညွတ်စွာ ကျောင်းတော်မဟာ ဖွင့်လေပြီမို့ နောင်လာနောက်သား မျိုးဆက်သစ်လူငယ်များသည် ရှေ့သို့တက်လှမ်း ပညာပန်းကို လှမ်းဆွတ်ယူရာ လွယ်ကူလာပေတော့မည်။

ထို့ကြောင့် မိမိရင်သွေးပညာရေးအတွက် အချိန်မီ ကျောင်းအပ်ပေးကြစေလိုကြောင်း စေတနာကောင်းဖြင့် အကြံကောင်းပေးရင်း သံသာချိုမြ တီးခတ်လာသည့် ကျောင်းတက်ခေါင်းလောင်းသံတို့သည် ရင်ကိုအေးမြ ကျက်သရေရှိလှသဖြင့် ကျက်သရေ မင်္ဂလာပြည့်စုံပါသော မင်္ဂလာရွှေခေါင်းလောင်းသံတို့ တိုင်းပြည်မြို့ရွာအနှံ့ လွှင့်ပျံ့နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

## မန္တလေးဒေသကောလိပ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကျင်းပရေး ဆွေးနွေး



**မန္တလေး ဇွန် ၂၁**

မန္တလေးဒေသ ကောလိပ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီက မဟာအောင်မြေမြို့နယ်၊ ဖိုင်လမ်းရှိ KMCကိုယ်ပိုင်အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အသီးသီးမှ နှစ်(၅၀)ပြည့်ရွှေရတု မဂ္ဂဇင်းထုတ်ဝေရေး၊ အမှတ်တရလက်ဆောင်ပစ္စည်းများ စီစဉ်ရောင်းချရေး၊ ညနေပိုင်းကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံမိတ်ဆုံပွဲနှင့် ဖျော်ဖြေရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေး အစီအစဉ်များကို ဆွေးနွေးကြသည်။

မန္တလေးဒေသကောလိပ်နှစ်(၅၀)ပြည့်ရွှေရတု အာစရိယပူဇော်ပွဲကို ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက် စနေနေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဆရာ၊ ဆရာမကြီး ၁၃၇ ဦးအား ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၄၅)**

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**သရက် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၃ နာရီက ကျင်းပသည်။ **(အပေါ်ယာပုံ)**

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် "မြန်မာအမျိုးသမီးများဂုဏ်ရည်" ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် အခြေခံပညာကျောင်းများမှ ဆုရရှိသည့်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပထမရရှိသည့် အထက(၁) Grade-7 မှ မောင်မြတ်သူ၊ ဒုတိယဆုရရှိသည့် အ·ထ·က(၃) Grade-9 ကျောင်းသား မောင်ဝေလင်းပိုင်ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မင်းဖုံကွန့်က ပေးအပ်ခဲ့ပြီး တတိယဆုရရှိခဲ့သည့် အ·ထ·က(၃)Grade-9 ကျောင်းသူ မရှင်းကြည်သာအား ပညာရေးမှူးရုံးမှ ဆရာမတစ်ဦးက ပေးအပ်ခဲ့ကြောင်း သိရသည်။




**စော်ထက်(သရက်)**

## ဘဝတိုးတက်မှုအတွက်စာဖတ်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

**တောင်တွင်းကြီး ဇွန် ၂၁**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်ကလေးဘဝမှစတင်၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှု အားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက စာရေးဆရာဖေမြင့် ရေးသားသည့် "ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူလေ့လာရန် လိုအပ်သလို ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်၊ စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြရမည့် အနာဂတ်လူငယ်များဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်းစာအုပ်ကို ဖတ်ရှုခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများ၊ စာအုပ်၏ အနှစ်ချုပ်နှင့် စာအုပ်ပါအကြောင်းအရာများအနက် အဓိကမှတ်သားမိသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာ တောင်တွင်း အောင်သက်ဦး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်အေးမိုးမိုးမြင့်တို့က စာပေလေ့လာဖတ်ရှုခြင်းသည် ကျောင်းပညာရေးကိုလည်း အထောက်အကူဖြစ်စေပါကြောင်း၊ စာအုပ်၊ စာပေများလေ့လာဖတ်ရှုပြီးပါက စာအုပ်ပါအနှစ်ချုပ်အကြောင်းအရာများ၊ မှတ်သားထားသင့်သည်များကို မှတ်စုစာအုပ်ဖြင့် ရေးမှတ်ရန်လိုကြောင်း၊ စာဖတ်ခြင်းဖြင့် အခွင့်အလမ်းများကို ရရှိစေပြီး လုပ်ငန်းခွင် အောင်မြင်မှုကိုလည်း ရရှိစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းသို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**နောင်နောင် (ဗိသနိုးမြေ)**






ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### တို့ကျောင်း

* မိုးဦးရာသီ
ဖွင့်ကြပြီ တို့ကျောင်း။
ပညာယူ စာသင်ကြားဖို့
အားထားစေကြောင်း။

* အသိဉာဏ်ကွယ်
သုတနယ် ဂုဏ်တင့်။
ပညာရှာ သာစေကြောင်းမို့
ကျောင်းတော်ကိုဖွင့်။

* ဗလငါးတန်
ဖွံ့ဖြိုးအမှန် တို့ကျောင်း။
မြတ်ပညာ အဆတိုးတယ်
ရွှေအိုးဖြစ်ကြောင်း။

* ခေါင်းလောင်းအသံ
ကြားရပြန် ခညောင်း။
တို့နိုင်ငံ ကြယ်အပွင့်တို့
ထူးတင့်သည့်ကျောင်း။

* အသီးတစ်ရာ
အညာမှာ တစ်ခုကောင်း။
တို့စာပေ တို့လူမျိုးကို
မြတ်နိုးသည့်ကျောင်း။ ။

အညွန့်(ပညာရေး)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၇)၊ ဦးပိုင်နံပါတ်(၄၆)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဒေါ်ရီရီ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀)နှင့်ကပ်လျက် မြောက်ဘက်ပိုင်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျန့်ရစ်(ဘ)ဦးကံညွန့်(၅/စကန(နိုင်)၁၂၄၅၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးဖြိုးသာခန့် (LL.B) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊မြရည်နန္ဒာရပ်ကွက်၊အကွက်အမှတ်(မမ-၅)၊ဦးပိုင်နံပါတ်(၈၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးကြည်မောင် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရီရီထွေး(ဘ)ဦးသိန်းမောင်(၉/သပက(နိုင်)၀၁၅၆၆၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ထွန်းတုံးရပ်ကွက်၊အကွက်အမှတ်(ဖဖ-၃)၊ဦးပိုင်နံပါတ်(၆၀-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧကအကျယ်အဝန်းရှိ ဒေါ်ပန်းနုဇော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမောင်လင်း(ဘ)ဦးလှဆောင် (၈/မမန(နိုင်)၁၄၇၆၃၆)[၎င်း၏ကိုယ်စား ဒေါ်မေဇာဇာလွင်(ဘ)ဦးတင့်လွင်(၉/မဟမ(နိုင်)၀၄၄၅၁၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်(၄၆)၊ ဦးပိုင်အမှတ်(၆၄-ခစင်း)၊ မြေကွက်ပေါ်တွင် ဦးလှသွေး(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/စကန(နိုင်)၀၀၉၇၈၄)က RC (၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊မဟာဇေယျာဘုံရပ်ကွက်၊ အကွက်(၅၁၄/၈)၊ဦးပိုင်အမှတ်(၈၀-က၊ခစင်း)၊ မြေကွက်ပေါ်တွင် ဦးကျော်ကျော်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအဇ(နိုင်)၀၀၆၂၉၆)က RC (၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်(၁၄၈)၊ ဦးပိုင်အမှတ်(၃၆-ခ)၊ မြေကွက်ပေါ်တွင် ဦးဂန်ပါတီ(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဝမန(နိုင်)၀၅၃၄၁၈)က RC(၃)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်(၇၉၆)၊ဦးပိုင်အမှတ်(၁၉)၊ မြေကွက်ပေါ်တွင် ဒေါ်ချိုချိုအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ယမပ(နိုင်)၀၀၄၇၄၈)က RC(၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## Hole in One (တစ်ချက်တည်း ကျင်းဝင်)

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံဂေါက်ကွင်းတွင် (14-6-2026) ရက်၌ ဦးစည်သူသန့်ဇင်သည် အတူကစားဖော်များဖြစ်ကြသော ဦးသန့်ဇင်၊ ဦးမြင့်လွင်၊ ဦးဝင်းနိုင်၊ ဦးမောင်အောင်တို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် (၁၇၀)ကိုက် ကွာဝေးသော ကျင်းအမှတ်(၈)သို့ Srixon Ball 2 အား Iron SYARD 5 ဂေါက်တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသဖြင့် ဦးစည်သူသန့်ဇင် အား ကောင်းမြတ်ကုမ္ပဏီ KM Golf Center မှ ကျပ်သုံးသိန်းတန် ဂေါက်ပစ္စည်းများကို ဆုချီးမြှင့်ပါသည်။

ကောင်းမြတ်ကုမ္ပဏီ KM Golf Center
09-2132889

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၉)၊ ဦးပိုင်နံပါတ်(၅၃) ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀ × ၄၅ပေ)အကျယ်အဝန်းရှိ ဒေါ်လှသင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၂၂ပေ× ၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်အေး(ဘ)ဦးစံဝန်(၉/မနတ(နိုင်)၀၈၄၈၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၅)၊ ဦးပိုင်နံပါတ်(၆၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးကြည်မြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ပိုင်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြထွန်းနိုင်(ဘ)ဦးမြမောင်(၉/ကဆန(နိုင်)၁၁၇၄၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၄)၊ ဦးပိုင်နံပါတ်(၂၇) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀)အကျယ်အဝန်းရှိ ဒေါ်လှကြည် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀ × ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကံစိန်(ဘ)ဦးအေးလွင်(၅/ငဇန(နိုင်)၀၄၈၀၃၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ပြည်ကြီးတံခွန်မြို့နယ်၊(ခ)ရပ်ကွက်၊အကွက်အမှတ်(သ-၉)၊ ဦးပိုင်အမှတ် (၁၁၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဒေါ်ခင်ကြူမြတ် အမည်ပေါက် မြေကွက်အား အပြီးအပိုင် လွှဲပြောင်းဝယ်ယူနေထိုင်ပိုင်ဆိုင်သည့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆိုပါမြေကွက်အား သက်ဆိုင်ရာ ရုံးဌာနအသီးသီး၌ အများနည်းတူ အခွန်သွင်း ဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ရုံးလုပ်ငန်းကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်ဇေယျ (LL.B,DBL,DIL) တရားလွှတ်တော်ရှေ့နေ**

**၅၈လမ်းနှင့် ၁၉(အေ)လမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၅၀၈၉၀**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး

**နေပြည်တော်  ဇွန်  ၂၁**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးပြီးမှု။

# ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်လျက်ရှိ

**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့တော်စည်ပင် သာယာရေးနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး နှင့် မြို့တော်သာယာလှပရေး အတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေနုတ်မြောင်းများ (Precast U Drain)၊ မြောင်းဖုံးများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ကြီးတံခွန်မြို့နယ်အတွင်း ၁၃၅ လမ်း၊ ၄၇လမ်းနှင့် ၅၁ လမ်းကြား၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မေ ၂ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ ကျောက်ပျက်ဖြန့်ခင်းခြင်း၊ စက်ကြိတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်ကြီးတံခွန်မြို့နယ် ၁၂၅လမ်း၊ ၄၄လမ်းနှင့် ၄၉ လမ်းကြား ဝဲ၊ ယာ(Precast U Drain) တည်ဆောက်ခြင်း လုပ်ငန်းများကို သတ်မှတ် ပေအရှည်များအတိုင်း မေ ၂ ရက်မှ စတင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြေတူးခြင်းလုပ်ငန်း၊ Ready Mixed Concrete G-25 လောင်းခြင်း၊ Precast U Drain များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီ ဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန ဌာနမှူး ဦးစိုးနိုင်းသိန်းနှင့် ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။



မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်စေရေး အတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀



# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်သည့် ပထမဆုံး အာရှအသင်းအဖြစ် ဂျပန်အသင်း မှတ်တမ်းဝင်

**တိုကျို ဇွန် ၂၁**

ဂျပန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်သည့် ပထမဆုံးအာရှအသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွင် ဂျပန်အသင်းသည် တူနီးရှားအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုနိုင်ပွဲသည် ဂျပန်အသင်းအတွက်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကြီးမားဆုံး နိုင်ပွဲဖြစ်ခဲ့သည်။

ဂျပန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု(F)တွင် ပွဲစဉ်နှစ်ပွဲကစားအပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ၄ မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

ဂျပန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု(F)နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၆ ရက်တွင် ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် အနိမ့်ဆုံး သရေ တစ်မှတ်ရယူနိုင်ရုံဖြင့် ၃၂ သင်းအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

**(NGB)**